ကြေးမုံ
The Mirror Daily
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 30 November 2022 ၁၀၉၃၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ-ရုရှား နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကိုပါ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel–General Kim Alexey Rostislavovich က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel – General Kim Alexey Rostislavovich က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗေဇယန္တာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယ ကြည်းတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာရုရှားစစ်သံမှူး Colonel Sergey Kurchenko နှင့် ရုရှားတပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

## ယနေ့ ဖတ်စရာ

**မြန်မာ့စီးပွားပျက်ကပ်သို့ ဦးတည်စေမည့် အနောက်နိုင်ငံအလိုကျ အကြမ်းဖက် NUG ၏ အနာဂတ်စစ်ပွဲ**


စာမျက်နှာ » ၆

**နိုင်ငံ၏စီးပွားရေးကို ထိခိုက်စေသည့် တရားမဝင်ငွေကြေး လွှဲပြောင်းခြင်း**

စာမျက်နှာ » ၁၁

**အီရန်နိုင်ငံက ရုရှားနိုင်ငံသို့ ကားတင်ပို့ရောင်းချရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန်ကြေးရှိသည့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့**

စာမျက်နှာ » ၁၃




**အခန်းဆက် ဝတ္ထုရှည်**

စာမျက်နှာ » ၂၀

ကြေးမုံ

# ပြည်တွင်းထုတ်ကုန်အားပေး နိုင်ငံ့စီးပွားရေးမြှင့်တင်

ပြီးခဲ့သည့်ကာလများက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးကျဆင်းခဲ့ရသည်။ မြန်မာနိုင်ငံ အနေဖြင့် ကိုဗစ်-၁၉ ရောဂါအပါအဝင် နိုင်ငံရေးအကျပ်အတည်းများကြားမှ နိုင်ငံ့စီးပွားရေးကို တွန်းတင်ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ချေးငွေများ ထုတ်ချေးပေးခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းများစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ် အားပေးမြှင့်တင်ကူညီဆောင်ရွက်ပေးနေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၂၈ ရက်နေ့က မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် "ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့ တာဝန်ယူချိန်ကာလမှစတင်၍ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ကြောင်း" ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရာ၌ အစောပိုင်းကာလက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးပြောင်းလဲဖြစ်ပေါ်မှုများကြောင့် စီးပွားရေးတိုးတက်မှု မျှော်မှန်းသလောက် မဖြစ်ခဲ့သည်ကို တွေ့ရသည်။ ထိုအချိန်တွင် ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် စက်သုံးဆီဈေးနှုန်းမြင့်တက်လာခြင်းသည် စီးပွားရေးတွင် အဟန့်အတားဖြစ်စေခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှစတင်သည့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာသော ဆူပူအကြမ်းဖက်မှုများကို ရင်ဆိုင်ခဲ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခက်အခဲအမျိုးမျိုးတို့ကို ကျော်လွှားနိုင်ခဲ့သည်။ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အခက်အခဲအမျိုးမျိုးကြားမှ ယခုအခါ ထိုက်သင့်သလောက် တိုးတက်လာသည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကအားထားလုပ်ကိုင်ကြသည်။ မြို့ပြနေပြည်သူများအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ကြသည်ကိုတွေ့ရသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်ရာတွင် အခြေခံကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်စီးပွားရေး တိုးတက်လာပါက ဝယ်လိုအားတက်လာမည်ဖြစ်ပြီး ဝယ်လိုအားတက်လာပါက စီးပွားရေးတိုးတက်လာမည်ဖြစ်ရာ စနစ်ကျနအဆင့်မြင့်မားသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြပြီး အရည်အသွေးမြင့်မားသည့် MSME လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ယခင်က ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို စိတ်ဝင်စားမှုနည်းပါးကြပြီး ပြည်ပသွင်းကုန်များကိုသာ အားထားကြသဖြင့် ကုန်သွယ်မှုလိုငွေပြပြီး စီးပွားရေးကျဆင်းခဲ့သည်။ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် အဘက်ဘက်တွင် ကြိုးပမ်းဆောင်ရွက်နေသည်။

MSME လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းများလိုအပ်သည်။ အဆိုပါလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး အစွမ်းကုန်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ သဘာဝအခြေအနေအရ ကုန်ကြမ်းပစ္စည်းများ ပြည်တွင်း၌အလုံအလောက်ရှိသည်။ ပြည်တွင်းကုန်ကြမ်းများကို ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အပံ့ပေးနိုင်ပြီး လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်နိုင်လျှင် ပြည်ပမှ တင်သွင်းရသူ Importer အဆင့်မှ ပြည်ပသို့တင်ပို့နိုင်သူ Exporter အဆင့်သို့ ရောက်ရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ရာတွင် အမြင်ကျယ်ကျယ်ဖြင့် အားလုံးပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပြီး ပြည်တွင်း၌ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အဆင့်မြှင့်တင်အသုံးချနိုင်အောင် ကြိုးပမ်းကြံ့စည်ဆောင်ရွက်၍ ပြည်တွင်းထုတ်ကုန်များ အဆင့်အတန်းမီစွာ တိုးတက်ထုတ်လုပ်နိုင်ပါလျှင် ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာပြီး နိုင်ငံ့စီးပွားလည်း မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

"အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။
အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး"

"Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world"

၃.၁၂.၂၀၂၂ နေပြည်တော်

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်းရှိ ဆွမ်း/ကွမ်းခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ရဟန်း၊ သံဃာ၊ သာမဏေများအတွက် ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရေဖြူမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ဝန်ထမ်းများက ရေဖြူမြို့နယ် (ခ) ရပ်ကွက် သဒ္ဒါလမ်း ဓမ္မမာမကဘုန်းတော်ကြီးကျောင်းသို့ ဆန် ငါးအိတ်၊ ဆီ ၁၅ ပိဿာ၊ ကုလားပဲ ၁၀ ပိဿာ စသည့်ထောက်ပံ့ပစ္စည်းများကို ကျောင်းထိုင်ဆရာတော်ထံသို့ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၁,၁၂၁ | ၁၀,၂၀၁,၁၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၄,၁၃၀ | ၁၃,၇၈၅,၅၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၅၀၀ | ၆၆ | ၁,၂၈၅,၅၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၁၀၀ | ၂၆၅,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁၀၁ | ၂၇၂,၇၀၀ |
| AMATA | ၅,၀၀၀ | ၄,၉၀၀ | ၂၈၇ | ၁,၄၁၉,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၂၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၇၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၂.၇၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၂၃၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၅.၈၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၀၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၂.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၉.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၉.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၁၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel– General Kim Alexey Rostislavovich ထံ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

❐ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ကာကွယ်ရေးဆိုင်ရာ အပါအဝင် ပညာရေး၊ ကျန်းမာရေးနှင့် နည်းပညာပိုင်းဆိုင်ရာများတွင် ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ရုရှားနိုင်ငံသို့ မြန်မာ့တပ်မတော်သား ပညာတော်သင်များ စေလွှတ်လျက်ရှိသည့်အခြေအနေများ၊ တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများ၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ယှဉ်ကျေးမှုပြိုင်ပွဲနှင့် တပ်မတော်အားကစားပြိုင်ပွဲများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်ခဲ့မှုနှင့် အပြန်အလှန် ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ယနေ့ကမ္ဘာပေါ်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် နိုင်ငံတိုင်းက အလေးထား ဆောင်ရွက်လျက်ရှိမှုနှင့် ယခုကဲ့သို့ **မြန်မာ–ရုရှား နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကိုပါ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့်**အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမ ဒုတိယကြည်းတပ်ဦးစီးချုပ် တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများအား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်ထံ အောင်နိုင်ရေးအလံ အပ်နှင်းပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်းများအား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထဲရေးဝန်ကြီးဌာန အားကစားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဒုတိယဝန်ကြီး ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ အမြဲတမ်းအတွင်းဝန်၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန အားကစားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်ထံ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများ အောင်နိုင်ရေးအတွက် အောင်နိုင်ရေးအလံကို အပ်နှင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအသင်းများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများကို ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်းက အဆိုပါ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားအသင်းများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးကြသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမား ၁၅၈ ဦးသည် ဘော်လီဘော၊ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဖူဆယ်၊ လွန်ဆွဲ၊ ထုပ်ဆီးတိုးနှင့် အပြေးပြိုင်ပွဲစသည့် အားကစားနည်း ခုနစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မြန်မာနိုင်ငံ လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဂျပန်–မြန်မာ ယှဉ်ကျေးမှုမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ Mr. Fumio USUI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော် ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ–ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မြန်မာနိုင်ငံ လူမှု–စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ဆက်လက်ကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပရိသတ်များ ပဒေသာကပွဲဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ (စတုတ္ထနေ့) ကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

ပဒေသာကပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ အနုပညာရှင်များက အောင်ယိမ်း၊ ပြည်လည်ထူထောင်ရေး၊ ဗိုလ်ရှုသဘင်၊ စိန်ရတုလွတ်လပ်ရေးနေ့ ယိမ်း၊ ပင်ချင်းယှက်၍ နွယ်ချင်းခက်သော် တေးသီချင်း အဆိုအကများဖြင့် လည်းကောင်း၊ မှန်လိုက်တာဆရာရယ် ပြဇာတ်ဖြင့်လည်းကောင်း၊ ဥမကွဲသိုက်မပျက်၊ ပန်းပန်ရင် နန်းဆန်မယ် ကျေးလက်ယိမ်း၊ သူရဲကောင်းအဓိပ္ပာယ်များ၊ ငြိမ်းချမ်းရေးပန်းခင်း၊ မနောကြည်ချိုမြ ဖြောစည်တိုအက၊ We are Soldier တေးသီချင်း အဆိုအကများဖြင့် လည်းကောင်း၊ မျက်လှည့်အဖွဲ့က လည်းကောင်း၊ ထာဝရလွတ်လပ်ရေး၊ အောင်မြင်ပါစေမြန်မာပြည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းပါစေ တိုင်းရင်းသားယိမ်း၊ ထာဝရသစ္စာ၊ မြန်မာ့ကြွေးကြော်သံ၊ သာတူညီမျှ တေးသီချင်း အဆိုအကများဖြင့် လည်းကောင်း မြဝတီအငြိမ့်အဖွဲ့၏ ဖျော်ဖြေမှုဖြင့်လည်းကောင်း ပျော်ရွှင်စွာ သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် အနုပညာရှင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်က ဂုဏ်ပြုပန်းခြင်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဂုဏ်ပြုဆုငွေကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဂုဏ်ပြုဆုငွေကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၊ ဖျော်ဖြေရေးကို ကြည့်ရှုအားပေးကြသည့် မိဘပြည်သူများက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ပဒေသာကပွဲကို ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏ အငွေ့အသက်များ ခံစားနားလည်နိုင်စေရန် ရည်ရွယ်၍ စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး ဦးစီးကော်မတီတို့က ကြီးမှူးပြီး နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၃၀ ရက် အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**











(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ဖျော်ဖြေတင်ဆက်မှုများကို တွေ့ရစဉ်။

# နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များ (Commercial Flights) ဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များအား ဖြေလျှော့ပေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

၁။ ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေနှင့် မိမိတို့နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေများအပေါ်မူတည်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သတ်မှတ်ချက်များကို ထုတ်ပြန်ခြင်းနှင့် ဖြေလျှော့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိပြည်တွင်းကူးစက်ဖြစ်ပွားမှု ကျဆင်းလျက်ရှိပြီး (၁၄)ရက် ဆက်တိုက်ပိုးတွေ့နှုန်း (၁) ရာခိုင်နှုန်း အောက်ရောက်ရှိနေခြင်း၊ နိုင်ငံတကာပုံမှန်လေကြောင်း ခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်လာသည့် ခရီးသွားများတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့နှုန်း (၁) ရာခိုင်နှုန်း အောက်တွင်သာရှိနေခြင်းနှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်းတို့ကြောင့် နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များ (Commercial Flights) ဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်မည့် ခရီးသွားများအား ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးကြောင်း သက်သေခံ လက်မှတ်ပြသနိုင်သူ (သို့မဟုတ်) ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ပြည့် မထိုးနှံထားသူများအနေဖြင့် မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့် အချိန်မတိုင်မီ အများဆုံး (၄၈) နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထုတ်ပေးထားသည့် ဓာတ်ခွဲအဖြေ အထောက်အထားပြသနိုင်သူများအား လေယာဉ် ဆိုက်ရောက်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ RDT ဖြင့် ဓာတ်ခွဲစစ်ဆေးမှု ခံယူရန် သတ်မှတ်ချက်အား (၁-၁၂-၂၀၂၂) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၀:၀၁)နာရီမှ စတင်၍ ဖြေလျှော့ပေးသွားမည် ဖြစ်ပါသည်။ အဆိုပါ ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ် အသေးစိတ်အား (၃၀-၁၁-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်မည့် "နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များ (၁-၁၂-၂၀၂၂)"တွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် ကယ်ဆယ်ရေးလေယာဉ် ခရီးစဉ်များဖြင့် ဝင်ရောက်လာကြသည့်ခရီးသွားများနှင့် နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာကြသည့် ခရီးသွားများအတွက်မူ (၈-၁၀-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

■

## မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် စပါးနှင့် ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်သည်။

**ညှိနှိုင်းဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စပါးနှင့်ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းများ၊ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးအနေဖြင့် ဆောင်းပဲတီစိမ်းဧက ၂၀၀၀၀ ခန့်၊ နွေစပါးစိုက်ဧက၈၀၀၀၀ကျော် လျာထားဆောင်ရွက်နေမှု၊ အမှန်တကယ်ဆောင်ရွက်နိုင်သည့် စီမံကိန်းဧရိယာရွေးချယ်နိုင်ရေး၊ ချေးငွေများ ဆုံးရှုံးမှုမရှိစေရေး၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများ ပြန်လည်ရရှိရေး ဆောင်ရွက်မည့် အစီအမံများနှင့် အစိုးရအဖွဲ့က စီမံကိန်းအောင်မြင်ရေးအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်မည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသော ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများနှင့် သမဝါယမအသင်းများ၏ မေးမြန်းချက်များကို သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု ၊ ဆက်လက်ဆောက်ရွက်မည့်အစီအစဉ်များကို ပြန်လည်ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အာဆီယံအပေါင်းသုံးအရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ်-၃ အရ APTERR ကောင်စီ၏ အစီအစဉ်ဖြင့် အလှူရှင်နိုင်ငံများဖြစ်သော ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့် ဆန်များအနက် မန္တလေးတိုင်းဒေသကြီးပြည်သူများအတွက် ဆန်တန်ချိန် ၅၀ကို တိုင်းဒေသကြီးဝန်ကြီးချုပ်သို့ လွှဲပြောင်းပေးအပ်သည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂရိတ်ဝေါလ်ကုမ္ပဏီ၏ တစ်သျှူးကာချာလ် မျိုးပွားအလုပ်ရုံသို့ ရောက်ရှိကာ လယ်ယာသစ်တောနှင့် မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်မှု၊ လယ်ယာသီးနှံ သစ်တောရောနှောစိုက်ခင်း၊ အဲဗားဂရင်းမြက်နှင့် ကြီးမြန်ပြည်လုံးချမ်းသာ ရောနှောစိုက်ခင်း၊ အစေ့လွတ် အရသာကောင်း မျိုးသန့်ပျားလိမ္မော်ပင်များ စမ်းသပ်စိုက်ပျိုးထားမှု ၊ အဲဗားဂရင်းမြက်အား မွေးမြူရေးအစာအဖြစ်အသုံးပြု၍ နွားမွေးမြူထားရှိမှုကို ကြည့်ရှုလေ့လာ၍ ကုမ္ပဏီမှတောင်သူများကို ဈေးကွက်ဝင်ပြီး အထွက်တိုးမျိုးစေ့များ၊ ပျိုးပင်များ ပံ့ပိုးနိုင်ရေးနှင့် နည်းပညာများ ပေါင်းစပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ် (မန္တလေး) သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးမြို့၌ ဦးစီးမှူး(မြို့ပြ)လုပ်ငန်းဝင် သင်တန်းဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနဦးစီးမှူး(မြို့ပြ) လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၂၇) သင်တန်းဖွင့်ပွဲကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာန၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းတာဝန်ခံများ၊ ဦးစီးမှူး (မြို့ပြ) လုပ်ငန်းဝင်ကြမည့် သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ လုပ်ငန်းခွင်တာဝန်ကြီး (၂)ရပ်ဖြစ်သည့် ရေလှောင်တမံများ၏ ဘေးကင်းလုံခြုံမှု (Dam Safety) လုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေ ပေးဝေရေးလုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ အလားတူ အများပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ရမည့် သဘာဝရေကြီးရေလျှံခြင်းများဆိုင်ရာ ရေဘေးကာကွယ်ရေးလုပ်ငန်းများ၊ ရေလှောင်တမံများ ရေလွှဲဆည်များ ရေတံခါးများအတွက် ရေးဆွဲကျင့်သုံးလျက်ရှိသည့် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် (Emergency Preparedness Plan – EPP) များကိုဒေသနေပြည်သူများ သိရှိနားလည်ရန်နှင့် စနစ်တကျပူးပေါင်းဆောင်ရွက်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြားသည်။



ယခုဖွင့်လှစ်သည့် ဦးစီးမှူး(မြို့ပြ)လုပ်ငန်းဝင် သင်တန်းအမှတ်စဉ် (၂၇)တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၌ ဦးစီးမှူး(မြို့ပြ) လုပ်ငန်း တာဝန်ထမ်းဆောင်ကြမည့် သင်တန်းသား ၆၂ ဦးကို ဆည်ရေစီမံခန့်ခွဲမှုစနစ် (Irrigation Water Management)၊ အင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များ၊ စီမံရေးရာနှင့် ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းခွင်ဆိုင်ရာ ဆက်စပ်စက်မှုပညာရပ်များ ပါဝင်သည့် ဘာသာရပ် ၁၄ ခုကို လေးပတ်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ**

# မြန်မာ့စီးပွားပျက်ကပ်သို့ ဦးတည်စေမည့် အနောက်နိုင်ငံအလိုကျ အကြမ်းဖက် NUG ၏ အနာဂတ်စစ်ပွဲ

ဗစ်တာ(ကေတုမတီ)

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် နယ်ချဲ့တို့လက်အောက်သို့ ကျရောက်စဉ်ကပင် သွေးခွဲအုပ်ချုပ်ခံခဲ့ရသည့်အတွက် လွတ်လပ်ရေးရပြီး နောက်ပိုင်း ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို တိုင်းရင်းသားပြည်သူအားလုံး တွေ့ကြုံခဲ့ရပါသည်။ အဆိုပါ ကိုလိုနီအမွေဆိုးကြီးကြောင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ဖွံ့ဖြိုးမှုများနှောင့်နှေးခဲ့ရကာ တစ်ချိန်က ဖွံ့ဖြိုးမှုမရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနောက်သို့ပင် ရောက်ရှိခဲ့ရပါသည်။

> **ထို့ကြောင့် အဆိုပါအခြေအနေကို ပြန်လည်ကုစားရန်အတွက် အမေရိကန်အခြေစိုက် အကြံပေးအဖွဲ့တစ်ခုက စီးပွားရေးစစ်ပွဲဟူသည့်ခေါင်းစဉ်ဖြင့် ပြည်ဖျက်အကြမ်းဖက်နည်းလမ်းအသစ်တစ်မျိုးကို ပုံစံရေးဆွဲတင်သွင်းလာခဲ့ပါသည်။ စာတမ်းရေးသားသူသည် အမေရိကန်စစ်တပ်၊ နိုင်ငံခြားရေးဌာနနှင့် အစိုးရအဖွဲ့အကြီးတန်းအရာရှိများ၊ အနာဂတ်ခေါင်းဆောင်များကို အမျိုးသားလုံခြုံရေး မဟာဗျူဟာနှင့်စပ်လျဉ်း၍ မွမ်းမံပို့ချမှုများ ပြုလုပ်ရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့် National War College တွင် သင်ကြားပို့ချနေသည့် ပါမောက္ခတစ်ဦးဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံနှင့် တပ်မတော်အစိုးရအပေါ် စီးပွားရေးကဏ္ဍမှ ဖိအားပေးနိုင်ရေး လမ်းကြောင်းပေးရေးသားမှုများကို မကြာခဏ ပြုလုပ်နေသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် ဆွေးနွေးပွဲများ၊ ဟောပြောပွဲပြုလုပ်ကာ အခြားနိုင်ငံတစ်ခု ပြည်တွင်းရေးကို ခြယ်လှယ်ရန်အတွက် ဖြောင်ကျကျ ဆွေးနွေးမှုများ ပြုလုပ်နေကြသည်ကိုလည်း တွေ့ရှိရပါသည်။ အကြမ်းဖက် NUG အဖွဲ့အား စီးပွားရေးစစ်ပွဲဆင်နွှဲရန် လမ်းညွှန်ပြသနေသည့်အဖွဲ့များ ရှိနေသည်ကိုတွေ့ရပြီး NUG သည် အနောက်အုပ်စုအလိုကျ အကြမ်းဖက်လုပ်ရပ်များကို လိုက်ပါလုပ်ဆောင်လျက်ရှိ**

ခေတ်အဆက်ဆက်အစိုးရများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့်သာ အဘက်ဘက်က ပိတ်ဆို့ခံထားရသည့် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ပြောင်းလဲတည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို အကြောင်းပြုသည့် NUG၊ PDF များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံ့ဒီမိုကရေစီ ရှေ့ဆက်မည့်အရေး အတားအဆီးများဖြစ်ပေါ်လျက်ရှိပါသည်။

အကြမ်းဖက်လုပ်ရပ်ဟူသည် တစ်ကမ္ဘာလုံးက လက်ခံခြင်းမရှိပါ။ သို့သော်လည်း ၎င်းတို့အနေဖြင့် အပြစ်မဲ့အရပ်သားများနှင့် ပြည်သူပိုင်ပစ္စည်း၊ အဆောက်အအုံများကိုသာ ဦးတည်တိုက်ခိုက်နေခြင်းကြောင့် ၎င်းတို့၏မူလရည်ရွယ်ချက်နှင့် လမ်းစဉ်လွဲချော်သွားပြီဖြစ်ကြောင်း အနောက်နိုင်ငံများက သတိထားမိလာခဲ့ပါသည်။ ထို့ကြောင့် ၎င်းတို့အား အစဉ်တစိုက် နည်းပေးလမ်းပြညွှန်ကြားမှုပြုနေသည့် အနောက်နိုင်ငံများက နည်းလမ်းသစ်များကို ရေးဆွဲအကြံပြုလာကြသည်ကိုလည်း တွေ့မြင်ရပါသည်။

### အကြမ်းဖက်လုပ်ရပ်များ မအောင်မြင်သည့်နောက်တွင်

ပြည်သူများအနေဖြင့်လည်း ခေတ်အဆက်ဆက် အနောက်အုပ်စု၏ စီးပွားရေးပိတ်ဆို့ခံရမှုများဒဏ်ကို တွေ့ကြုံခဲ့ရပြီးဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံတစ်ခုဖြစ်သည့်အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေလုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေများရရှိနေသည့်အတွက် ထိုသို့သော ပိတ်ဆို့အရေးယူမှုများက အစိုးရတစ်ရပ်ပြုတ်ကျစေသည်အထိ ဖြစ်နိုင်မည်မဟုတ်ကြောင်းကို အနောက်နိုင်ငံများကလည်း သိရှိထားကြပါသည်။ စီးပွားရေးပိတ်ဆို့ခံရမှုဒဏ်က အနာဂတ်မျိုးဆက်များအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် မည်မျှအထိ ခါးသီးစွာ သက်ရောက်မှုရှိကြောင်းကို ပြည်သူများ အတွေ့အကြုံများရှိနှင့်ပြီး ဖြစ်ပါသည်။ ယခု ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှအစပြုလာသည့် ပြည်တွင်းမတည်ငြိမ်မှုများ၊ ပြည်ပသွေးထိုးမှုများ၊ NUG၊ PDF အကြမ်းဖက်များ၏ မင်းမဲ့စရိုက်ဆန်ဆန် လုပ်ရပ်များကြောင့် ပြည်တွင်းစီးပွားရေးသို့လည်း များစွာထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

ပြည်သူများအနေဖြင့်လည်း PDF များ၏ အကြမ်းဖက်လုပ်ရပ်ကြောင့် ပြည်တွင်း၌ပင် ခရီးသွားလာရခက်ခဲခြင်း၊ ပညာသင်ကြားခွင့် ပိတ်ပင်ခံရခြင်း၊ စီးပွားရေးအခွင့်အလမ်းများ ထိခိုက်ခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ ထိခိုက်ခံရခြင်း၊ ဆက်သွယ်မှုလိုင်းများ ဖြတ်တောက်ခံရခြင်း၊ လုံခြုံမှုမရှိကြောင်းခံစားရခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရုရှား-ယူကရိန်း စစ်ရေးပဋိပက္ခ၏ ရိုက်ခတ်မှုတို့က မီးလောင်ရာလေပင့် ဖြစ်စေခဲ့ပါသည်။ PDF များအနေဖြင့် လက်နက်ကိုင်တော်လှန်ခြင်းဟု ခေါင်းစဉ်တပ်ထားသော်လည်း **၎င်းတို့၏မူလရည်မှန်းချက်နှင့် လမ်းစဉ်တို့လွဲချော်၍ အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာတွင် ရုပ်လုံးပေါ်လာခဲ့ပြီဖြစ်ပါသည်။**

ထို့ကြောင့် အဆိုပါအခြေအနေကို ပြန်လည်ကုစားရန်အတွက် အမေရိကန်အခြေစိုက် အကြံပေးအဖွဲ့တစ်ခုက စီးပွားရေးစစ်ပွဲဟူသည့်ခေါင်းစဉ်ဖြင့် ပြည်ဖျက်အကြမ်းဖက်နည်းလမ်းအသစ်တစ်မျိုးကို ပုံစံရေးဆွဲတင်သွင်းလာခဲ့ပါသည်။ စာတမ်းရေးသားသူသည် အမေရိကန်စစ်တပ်၊ နိုင်ငံခြားရေးဌာနနှင့် အစိုးရအဖွဲ့အကြီးတန်းအရာရှိများ၊ အနာဂတ်ခေါင်းဆောင်များကို အမျိုးသားလုံခြုံရေး မဟာဗျူဟာနှင့်စပ်လျဉ်း၍ မွမ်းမံပို့ချမှုများ ပြုလုပ်ရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့် National War College တွင် သင်ကြားပို့ချနေသည့် ပါမောက္ခတစ်ဦးဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံနှင့် တပ်မတော်အစိုးရအပေါ် စီးပွားရေးကဏ္ဍမှ ဖိအားပေးနိုင်ရေး လမ်းကြောင်းပေးရေးသားမှုများကို မကြာခဏ ပြုလုပ်နေသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် ဆွေးနွေးပွဲများ၊ ဟောပြောပွဲပြုလုပ်ကာ အခြားနိုင်ငံတစ်ခု ပြည်တွင်းရေးကို ခြယ်လှယ်ရန်အတွက် ဖြောင်ကျကျ ဆွေးနွေးမှုများ ပြုလုပ်နေကြသည်ကိုလည်း တွေ့ရှိရပါသည်။ **အကြမ်းဖက် NUG အဖွဲ့အား စီးပွားရေးစစ်ပွဲဆင်နွှဲရန် လမ်းညွှန်ပြသနေသည့်အဖွဲ့များ ရှိနေသည်ကိုတွေ့ရပြီး NUG သည် အနောက်အုပ်စုအလိုကျ အကြမ်းဖက်လုပ်ရပ်များကို လိုက်ပါလုပ်ဆောင်လျက်ရှိပါသည်။**

အဆိုပါဆွေးနွေးချက်များတွင် တပ်မတော်အစိုးရအနေဖြင့် မည်မျှပင် စိန်ခေါ်မှုများနှင့် ကြုံတွေ့ရသည်ဖြစ်စေ အားသာချက်များရှိနေကြောင်း၊ ထို့ကြောင့် တပ်မတော်အစိုးရ လျင်မြန်စွာပြုတ်ကျရန်မှာ မဖြစ်နိုင်သေးကြောင်း၊ NUG နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ဆက်ဆံရေးသည်လည်း သမိုင်းတစ်လျှောက် မယုံကြည်ရမှုများက အဟန့်အတားဖြစ်ပေါ်စေလျက်ရှိကြောင်း၊ **၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့ပါက ကမ္ဘာ့နိုင်ငံများ၏ အသိအမှတ်ပြုမှုကို ရရှိသွားမည်ဖြစ်ကြောင်း၊** ထို့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝင်ငွေအခိုင်အမာ ရရှိနေဆဲဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း သဘာဝဓာတ်ငွေ့ ပို့ကုန်မှ အမေရိကန်ဒေါ်လာ သန်း ၈၀၀ အထိ ရရှိခဲ့ကြောင်း၊ NUG အနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ထွက်ခွာသွားစေရန် လုပ်ဆောင်ခဲ့သော်လည်း Total နှင့် Chevron ကုမ္ပဏီများသာ ထွက်ခွာသွားကြောင်း၊ ကျန်နိုင်ငံများအနေဖြင့် ထွက်ခွာခြင်း မရှိကြောင်း၊ တပ်မတော်မှ အာဏာလွှဲပြောင်းရယူမှု မတိုင်မီ မြန်မာနိုင်ငံ၏ နိုင်ငံခြားအရန်ငွေမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၇ ဘီလီယံရှိခဲ့ကြောင်း၊ လက်ရှိတွင် ၆ ဘီလီယံ ခန့်ရှိနေကြောင်း၊ အမေရိကန်ထံတွင်လည်း NLD အစိုးရက တိတ်တဆိတ်အပ်နှံထားသည့် ၁ ဒသမ ၁ ဘီလီယံရှိနေကြောင်း၊ NUG သည် အဆိုပါအပ်နှံငွေများကို သုံးစွဲခွင့်ပြုရန်တောင်းဆိုနေကြောင်း၊ **NUG အနေဖြင့် အလှူငွေနှင့် ရန်ပုံငွေများအပေါ် မှီခိုနေရသည်ဖြစ်ရာ နိုင်ငံ့စီးပွားရေးကျဆင်းလာသည်နှင့်အမျှ ရန်ပုံငွေရရှိမှု လျော့နည်းလာကြောင်း၊** သို့သော် စစ်ပွဲ ဆက်လက်ကြာမြင့်နိုင်သေးသည့်အတွက် ပုံမှန်ရန်ပုံငွေရရှိရေးလမ်းကြောင်း လိုအပ်နေကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထိုသို့ ပြောကြားထားမှုအရ အမေရိကန်အနေဖြင့် ၎င်းတို့မတရားသိမ်းပိုက်ထားသည့် မြန်မာနိုင်ငံ၏ အရန်ငွေ ၁ ဒသမ ၁ ဘီလီယံဖြင့် မြန်မာနိုင်ငံအား မတည်မငြိမ်ဖြစ်စေရေး ပြန်လည်အသုံးပြုရန် **ငါးကြင်းဆီဖြင့် ငါးကြင်းကြော်မည့် အကြံအစည်**များဟု ယူဆနိုင်ပါသည်။

ထို့အပြင် NUG အနေဖြင့် အစိုးရ၏ဝင်ငွေရရှိမည့် လမ်းကြောင်းများအား တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က ပိတ်ဆို့အရေးယူမှုများပြုလုပ်ခဲ့သော်လည်း ဗြိတိန်၊ ဩစတြေးလျနှင့် ဂျပန်တို့အပါအဝင် ကျန်နိုင်ငံများက နှုတ်ဆိတ်နေကြောင်း၊ တပ်မတော်၏ဝင်ငွေရလမ်းများနှင့် ဘဏ္ဍာရေးစနစ်တို့ကို ထိခိုက်ခြင်းမရှိသေးကြောင်း၊ သို့သော် **တပ်မတော်ကို ထိခိုက်စေရန်အတွက် စီးပွားရေးပိတ်ဆို့မှုများချမှတ်ခြင်းက နိုင်ငံ့စီးပွားရေးသာ ပြိုလဲပြီး ပြည်သူများသာခံစားရမည်လောဟူသည့် ကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေရကြောင်း၊** ယင်းအချက်ကြောင့် ပြင်းထန်သည့်ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်တွန့်ဆုတ်နေရကြောင်း၊ NUG၊ PDF သည် အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးဝန်ထမ်းများအား ပစ်မှတ်ထားသည့်လုပ်ကြံသတ်ဖြတ်ရေးနည်းလမ်းကို **စာမျက်နှာ ၇ သို့** ❂

> **တပ်မတော်ကို ထိခိုက်စေရန်အတွက် စီးပွားရေးပိတ်ဆို့မှုများချမှတ်ခြင်းက နိုင်ငံ့စီးပွားရေးသာ ပြိုလဲပြီး ပြည်သူများသာခံစားရမည်လောဟူသည့် ကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေရကြောင်း၊ ယင်းအချက်ကြောင့် ပြင်းထန်သည့်ပိတ်ဆို့ အရေးယူမှုများ ချမှတ်ရန်တွန့်ဆုတ်နေရကြောင်း၊ NUG၊ PDF သည် အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးဝန်ထမ်းများအား ပစ်မှတ်ထားသည့် လုပ်ကြံသတ်ဖြတ်ရေးနည်းလမ်းကို ကျင့်သုံးခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်ကြောင်း၊ သို့ရာတွင် အုပ်ချုပ်ရေးမှူးများအား ပစ်မှတ်ထားလုပ်ကြံမှုသည် ထိရောက်မှုနည်းပါးလာသည့်အပြင် နိုင်ငံအနေဖြင့် လူမှုဝန်ဆောင်မှုပေးနိုင်စွမ်းကို လျော့ကျစေခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေးပစ်မှတ်များကို ပစ်မှတ်ထားလုပ်ကြံသွားမည်ဖြစ်ကြောင်း**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်သည့် ဗုဒ္ဓဥယျာဉ်သို့ တိုက်ရိုက်ဝင်၊ ထွက်နိုင်သည့်လမ်းပိုင်းကို လေးလမ်းသွားကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၀၄ မိုင် ၁ ဖာလုံမှ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ကမ္ဘာ့အကြီးဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်သည့် ဗုဒ္ဓဥယျာဉ်သို့ တိုက်ရိုက်အဝင်၊ အထွက် ပြုလုပ်နိုင်သည့် လမ်းပိုင်း ၃၀၈၄ ပေကို လေးလမ်းသွားကတ္တရာကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဒက္ခိဏခရိုင် လမ်းဦးစီးဌာနမှ ဆောင်ရွက်နေသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မုခ်ဦးအဝင်နှင့်ဆက်စပ်မည့် လမ်းအပိုင်းအား ကတ္တရာကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ ကတ္တရာကွန်ကရစ်ခင်းပြီးပါက ထိန်းသိမ်းရေးအပိုင်းကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်နှင့် လမ်းလယ်ကျွန်း၊ ရေမြောင်းများ စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၀၄ မိုင် ၁ ဖာလုံမှ ယခုဖောက်လုပ်ထားသည့် လမ်းပိုင်းနှင့် ဆက်စပ်ရန်အတွက် အမြန်လမ်းအား နှစ်လမ်းသွားမှ လေးလမ်းသွားသို့ တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အမြန်လမ်းမကြီးနှင့် ချိတ်ဆက်မည့် အဝင်၊ အထွက်လမ်းအပိုင်းတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်အမှတ်အသားများ၊ အသိပေးဆိုင်းဘုတ်များ ဆောင်ရွက်ထားရန်၊ လုပ်ငန်းဆောင်ရွက်နေစဉ် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

---

❂ စာမျက်နှာ ၆ မှ

ကျင့်သုံးခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်ကြောင်း၊ သို့ရာတွင် **အုပ်ချုပ်ရေးမှူးများအား ပစ်မှတ်ထားလုပ်ကြံမှုသည် ထိရောက်မှုနည်းပါးလာသည့်အပြင် နိုင်ငံအနေဖြင့် လူမှုဝန်ဆောင်မှုပေးနိုင်စွမ်းကို လျော့ကျစေခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေးပစ်မှတ်များကို ပစ်မှတ်ထားလုပ်ကြံသွားမည်ဖြစ်ကြောင်း** ဖော်ပြခဲ့ပါသည်။ အခြေခံအဆောက်အအုံပစ်မှတ် အများစုမှာလည်း အများပြည်သူသုံးစွဲနေသည့် တယ်လီဖုန်းတာဝါတိုင်များပင်ဖြစ်ပါသည်။ NUG၊ PDF များ၏ လုပ်ရပ်များသည် ကြွက်မနိုင် ကျီမီးနှင့်ရှို့ဆိုသည့် စကားပုံကဲ့သို့ ဖြစ်နေပြီး ၎င်းတို့ တွင်တွင်သုံးနေသော **ပြည်သူ** ဆိုသည့် စကားလုံးမှာ ဟန်ပြမျှသာဖြစ်ကြောင်းတွေ့မြင်ရပါသည်။

**တိုင်းပြည်တစ်ခုတွင် ပင်မစီးပွားရေးထောက်တိုင်များ ပြိုလဲပါက ထိုတိုင်းပြည်၏ ပြည်သူတစ်ရပ်လုံး ဒုက္ခခံစားရပေလိမ့်မည်။** လူတန်းစားအချို့ထံသို့ ကွက်၍ ထိခိုက်စေမည်မဟုတ်ပါ။ ဆင်ပိန်လျှင်ကျွဲလောက် ကျန်နိုင်သေးသော်လည်း အခြေခံလူတန်းစားများမှာ ပိုမိုကျပ်တည်းသွားပေလိမ့်မည်။ သို့သော် လက်နက်ကိုင်ဆူပူအကြမ်းဖက်သည့်နည်းလမ်းဖြင့် Failed State အဖြစ်သို့ မရောက်ရှိနိုင်တော့သည့်အခြေအနေတွင် အနောက်နိုင်ငံများအနေဖြင့် မြန်မာပြည်သူများဒုက္ခရောက်မည်ကို ငဲ့ကွက်ခြင်းမရှိဘဲ နိုင်ငံ့စီးပွားရေးထောက်တိုင်များကိုဖြိုခွင်းကာ ပြည်သူများ ယခုထက်ပိုမိုဆင်းရဲကျပ်တည်းပြီး Failed State အဖြစ်သို့ ရောက်ရှိရန်တွန်းပို့ခြင်းပင်ဖြစ်ပါသည်။ အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် ၎င်းနည်းလမ်းကို ယခင်ကတည်းက ကျင့်သုံးခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အစိုးရပြုတ်ကျရေးနှင့် NUG သို့မဟုတ် ၎င်းတို့လိုလားသည့် အစိုးရစင်ပေါ်ရောက်ရေးအတွက် ကိုဗစ်ကပ်ရောဂါ၊ ရုရှား-ယူကရိန်း စစ်ရေးပဋိပက္ခမှရိုက်ခတ်မှု၊ ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုနှင့် အကြမ်းဖက်မှုများဒဏ်ကို ခံစားနေကြရသည့် **ပြည်သူများအား ပိုမိုနက်ရှိုင်းသည့်ဆင်းရဲတွင်းသို့ပို့ဆောင်ပြီး ၎င်းတို့၏ရည်မှန်းချက်ကို ဖြည့်ဆည်းရန် ကြံစည်လာခြင်း**ဖြစ်ပါသည်။ အခြေခံလူတန်းစားပြည်သူများအနေဖြင့် မြေစာပင်ဘဝသို့ ရောက်မှန်းမသိ ရောက်ကြရပေဦးမည်။

**နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာစွမ်းဆောင်မှုများ**

နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်သည် ယင်းနိုင်ငံလူဦးရေ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများဖြစ်ပါသည်။ မျက်မှောက်ကာလ စီးပွားရေးတိုးတက်မှုတွင် လူ့စွမ်းအားအရင်းအမြစ်တည်ရှိမှုသည် အရေးပါလှပေသည်။ နိုင်ငံတော်အနေဖြင့် ယနေ့အချိန်တွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဦးတည်ချက် ၃ ရပ်ချမှတ်၍ အမျိုးသားစွမ်းအား (National Power) တည်ဆောက်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိပါသည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်က နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲ၍ ကဏ္ဍအလိုက်၊ ဒေသအလိုက် ဘက်ညီဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့သော် နိုင်ငံတော်၏အခြေခံအဆောက်အအုံ သုံးမျိုးဖြစ်သည့် ဆက်သွယ်မှုအခြေခံအဆောက်အအုံ၊ လူမှုရေးအခြေခံအဆောက်အအုံနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံများအပေါ် အကြမ်းဖက်တိုက်ခိုက်ခံရမှုများကြောင့် တိုးတက်မှုများ နှေးကွေးနေခဲ့ရပါသည်။

နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်တည်ဆောက်ရာတွင် ခေတ်အဆက်ဆက် ပြည်ပချေးငွေများရယူကာ နိုင်ငံ့စီးပွားရေးအတွက် အရင်းအနှီးများ မတည်ခဲ့ရပါသည်။ ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်တွင်းမှ ပြည်ပသို့ ဒေါ်လာစီးထွက်နိုင်မည့်လမ်းကြောင်းများကို ထိန်းချုပ်နိုင်ခဲ့ပြီး နိုင်ငံ့စီးပွားရေးကျဆင်းမှုကို ထိန်းထားနိုင်ခဲ့ပါသည်။ ပြည်ပမှ ချေးငွေရယူခဲ့ခြင်းမရှိဘဲ ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၉၅ ဘီလီယံကိုပင် ပြန်လည်ပေးဆပ်နိုင်ခဲ့ပါသည်။ ကုန်သွယ်ရေးကဏ္ဍအား ကြည့်ရှုမည်ဆိုပါကလည်း ၂၀၁၅ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေ ၁၂ ဒသမ ၀၉ ဘီလီယံ၊ ၂၀၁၆ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေ ၅ ဒသမ ၂၅ ဘီလီယံ၊ ၂၀၂၀ ပြည့်နှစ်တွင် ကုန်သွယ်မှုလိုငွေ ၁၂ ဒသမ ၅၁ ဘီလီယံရှိခဲ့သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအထိ ကုန်သွယ်မှုပိုငွေ ၀ ဒသမ ၆၇ ဘီလီယံ၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ (ယာယီ) ကုန်သွယ်မှုပိုငွေ ၀ ဒသမ ၀၆၅ ဘီလီယံရှိခဲ့သည့်အတွက် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများနှင့် ပြည်တွင်းမတည်ငြိမ်မှုများကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းနေမှုကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။

**နိဂုံး**

NUG၊ PDF အကြမ်းဖက်များ၏ အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် လုပ်ကြံသတ်ဖြတ်မှု၊ နိုင်ငံ့အခြေခံ အဆောက်အအုံများအား ဖျက်ဆီးမှုတို့သည် မည်သို့မျှ လက်ခံနိုင်ဖွယ်မရှိသော လုပ်ရပ်များဖြစ်ပါသည်။ ယခုပုံစံသစ်ဖြင့် ရေးဆွဲဖော်ပြလာသည့် စီးပွားရေးစစ်ပွဲဟူသည် NUG ၏ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူများက ရှုတ်ချဆန့်ကျင်လာကြသည့်အတွက် အမည်ပြောင်းလဲတံဆိပ်ကပ်ထားသော အကြမ်းဖက်မှုအားပေးသည့် လက်ကမ်းစာစောင်တစ်ခုသာ ဖြစ်လာပါသည်။

> **မည်သို့ပင် စကားလုံးအလှအပများဖြင့် လှည့်ဖြားထားသည်ဖြစ်စေ နိုင်ငံ့စီးပွားရေး အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းသည် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် အနာဂတ်တို့ကို ထိပါးခြင်းသာဖြစ်ပါသည်။ NUG၊ PDF များအနေဖြင့် အနောက်နိုင်ငံများမှ လမ်းခင်းပေးသည့် အဆိုပါ မဟာဗျူဟာသစ်အတိုင်း ကျင့်သုံးလာပါက ကပ်ရောဂါ၊ ကမ္ဘာ့စီးပွားရေးနှင့် ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုများမှ ပြန်လည်တည်ငြိမ်ကာစ နိုင်ငံ့စီးပွားရေးအခြေအနေကို ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပြီး စီးပွားရေးနှင့်ဆက်နွှယ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများသို့ပါ ဂယက်ရိုက်ခတ်လာနိုင်သည့်အတွက် ၎င်းအခြေအနေကို အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူတစ်ရပ်လုံး သတိပြုနိုင်ရေးအတွက် ရေးသားတင်ပြလိုက်ရ**

မည်သို့ပင် စကားလုံးအလှအပများဖြင့် လှည့်ဖြားထားသည်ဖြစ်စေ နိုင်ငံ့စီးပွားရေး အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းသည် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် အနာဂတ်တို့ကို ထိပါးခြင်းသာ ဖြစ်ပါသည်။ NUG၊ PDF များအနေဖြင့် အနောက်နိုင်ငံများမှ လမ်းခင်းပေးသည့် အဆိုပါ မဟာဗျူဟာသစ်အတိုင်း ကျင့်သုံးလာပါက ကပ်ရောဂါ၊ ကမ္ဘာ့စီးပွားရေးနှင့် ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုများမှ ပြန်လည်တည်ငြိမ်ကာစ နိုင်ငံ့စီးပွားရေးအခြေအနေကို ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပြီး စီးပွားရေးနှင့်ဆက်နွှယ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများသို့ပါ ဂယက်ရိုက်ခတ်လာနိုင်သည့်အတွက် ၎င်းအခြေအနေကို အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူတစ်ရပ်လုံး သတိပြုနိုင်ရေးအတွက် ရေးသားတင်ပြလိုက်ရပါသည်။

---

စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့

# ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု မိတ်ဆုံစားပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၉

ပညာရေးကဏ္ဍ၌ ကျရာတာဝန်ကို သစ္စာရှိရှိ ထမ်းဆောင်နေကြသော ပညာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစု မိတ်ဆုံစားပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ ရှိ စုဝေးခန်းမ၌ ကျင်းပသည်။

မိသားစုမိတ်ဆုံစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက လက်ရှိအချိန်တွင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ ဖွင့်လှစ်ကာ နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေကြကြောင်း၊ ပညာရေးလုပ်ငန်းစဉ်များ ပုံမှန်လည်ပတ်ရာတွင် ကဏ္ဍအသီးသီးတွင် ကျရာတာဝန်ကို သစ္စာရှိရှိတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုများကို တန်ဖိုးထားဂုဏ်ယူမှတ်တမ်းတင်ကြောင်း၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းလက်တွဲ၍ ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း သုံးဆောင်ကြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကို ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဂျပန်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသူများ၏ အရည်အသွေးများမြှင့်တင်ရေး (ဒုတိယအကြိမ်) အသိပညာပေးဆွေးနွေးပွဲ ကျင်းပ






နေပြည်တော် နိုဝင်ဘာ ၂၉

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် အာဆီယံ-ဂျပန်ဗဟိုဌာန၏ အထောက်အပံ့ဖြင့် National Activity Project-2022 ကို အကောင်အထည်ဖော်သည့်အနေဖြင့် ဂျပန်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသူများအတွက် အရည်အသွေးမြှင့်တင်ရေး ဒုတိယအကြိမ် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

## နှစ်စဉ်ကျင်းပ

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ယနေ့ဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို သိသိသာသာ ထိန်းချုပ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ဂျပန်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးနေသူများအတွက် အာဆီယံ-ဂျပန်ဗဟိုဌာနနှင့် ပူးပေါင်း၍ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဤအစီအစဉ်များကို အာဆီယံ-ဂျပန်ဗဟိုဌာနဖြင့် နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်ဧည့်လမ်းညွှန်များ၏ အရည်အသွေးများ မြှင့်တင်ရေးသင်တန်းများကို လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် ဂျပန်အစားအစာ အချက်အပြုတ်သင်တန်းတို့ကို လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၁၉ ခုနှစ်တွင် ဂျပန်ခရီးသွားဧည့်သည် သန်း ၂၀ ခန့်သည် ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့ပြီး ၎င်းတို့အနက် အာဆီယံဒေသသို့ ၅ ဒသမ ၆ သန်း ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံသို့ ဂျပန်ခရီးသွားဧည့်သည် တစ်သိန်းကျော်ခန့် လာရောက်လည်ပတ်ခဲ့ရာ ဂျပန်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ အဓိက ဦးတည်ဈေးကွက်များအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ထို့အတွက် မြန်မာနှင့် ဂျပန်နိုင်ငံအကြား ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် ဂျပန်ခရီးသွားဧည့်သည်များအပေါ် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးစွမ်းနိုင်ရေးကို ရည်မှန်းပြီး ယနေ့ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

## ဆွေးနွေးပို့ချ

ဆက်လက်၍ အာဆီယံ-ဂျပန်ဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူးချုပ် H.E. Dr. Kunihiko Hirabayashi က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံနှင့် အာဆီယံ-ဂျပန်ဗဟိုဌာနမှ တာဝန်ရှိသူများနှင့် ဂျပန်ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ဆက်လက်ဆွေးနွေးပို့ချသည်။

ထို့ပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (WTTC) ၏ ဦးဆောင်မှုဖြင့် ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်း၌ ဆော်ဒီအာရေဗျနိုင်ငံ Riyadh မြို့၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ ဥက္ကဋ္ဌ Mr. Arnold Donald၊ ဆော်ဒီအာရေဗျနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး H.E. Ahmed Al Khateeb နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ အမှုဆောင်အရာရှိချုပ် Ms. Julia Simpson တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းနောက် "ခရီးသွားခြင်းသည် ကမ္ဘာ့စီးပွားရေးအတွက် အဖြေတစ်ရပ်" ဟူသော ခေါင်းစဉ်အောက်တွင် ခေါင်းစဉ်ငယ်များခွဲ၍ စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာ ဆော်ဒီအာရေဗျနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုဝန်ကြီး၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ နိုင်ငံတကာ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များ ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် "ခရီးသွားခြင်းသည် ကမ္ဘာကြီးအတွက် အဖြေတစ်ရပ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်၍ ဆော်ဒီအာရေဗျနိုင်ငံ စွမ်းအင်ဝန်ကြီး၊ အီဂျစ်နိုင်ငံ ခရီးသွားလုပ်ငန်းနှင့် ရှေးဟောင်းသုတေသနဝန်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဌာန အတွင်းဝန်နှင့် ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ "ခရီးသွားခြင်းသည် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းအတွက် အဖြေတစ်ရပ်" ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးကြသည်။ ဆွေးနွေးမှုများအပြီးတွင် ညီလာခံပထမနေ့ကို ရုပ်သိမ်းခဲ့ပြီး ဒုတိယနေ့ကို အခမ်းအနား အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ Mr. Fumio USUI နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၉

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ Mr. Fumio USUI နှင့် အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းရင်းသားလူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာကိစ္စ၊ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ခြင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပေါက်တောမြို့နယ်၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်း

ပေါက်တော နိုဝင်ဘာ ၂၉

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သရွဲကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်းကို နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၅ သန်းဖြင့် အလျား ၆၁၅ ပေ၊ အကျယ် ခုနစ်ပေ၊ ဒု ခြောက်လက်မ ဆောက်ရွက်လျက်ရှိသည်။

အဆိုပါ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)အတွက် *601#၊ Atom အတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ပထမနှစ်၊ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်း သတ်မှတ်ရက် ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ကြေညာချက်**

၁။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ်အဝေးသင် သင်တန်းဝင်ခွင့်ရရှိသူများစာရင်းကို ၁-၁၂-၂၀၂၂ ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်နှင့် ကောလိပ်များ၊ ပညာရေးဝန်ကြီးဌာန website: www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website: www.dhe.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်အဝေးသင် သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်နှင့် ကောလိပ်များတွင် ၂၆-၁၂-၂၀၂၂ ရက်မှ ၃၁-၁-၂၀၂၃ ရက်အထိ (၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်)၊ ၂၆-၁၂-၂၀၂၂ ရက်မှ ၂၈-၂-၂၀၂၃ ရက်အထိ (၂၀၂၂ ခုနှစ်မတိုင်မီ တက္ကသိုလ်ဝင်စာမေးပွဲအောင်နှင့် ကျရှုံးကျောင်းသားများ) (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ဒုတိယနှစ်နှင့်အထက် အဝေးသင် သင်တန်းများအားလုံး၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၁၆-၁-၂၀၂၃ ရက်မှ ၂၈-၂-၂၀၂၃ ရက်အထိ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

## စစ်ကိုင်းတိုင်းဒေသကြီး၌ ဖူဆယ်ဒိုင်လူကြီးသင်တန်းဆင်းပွဲ ကျင်းပ တိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ၂၀၂၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဖူဆယ်ဒိုင်လူကြီးသင်တန်းဆင်းပွဲအခမ်းအနားနှင့် တိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။



အဆိုပါအခမ်းအနားများသို့ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖူဆယ်ဒိုင်လူကြီးသင်တန်းဆင်းပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြား၍ သင်တန်းနည်းပြများထံ ဂုဏ်ပြုထောက်ပံ့ငွေကျပ် ငါးသိန်းပေးအပ်ပြီး သင်တန်းသား သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု အားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကာ အသင်းအုပ်ချုပ်သူထံ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၄၅ သိန်း ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၂)သို့ တက်ရောက် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က အောက်တိုဘာလအတွင်း ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့မှုများကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသူများ၏ ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်အတွင်း ဈေးငွေများ သတ်မှတ်ကာလအတွင်း အပြည့်အဝ ကောက်ယူရရှိရေးကို သက်ဆိုင်ရာဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်စေလို

**နေပြည်တော် နိုဝင်ဘာ ၂၉**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဈေးငွေအကြံပေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။ ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ဈေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က နိုင်ငံတော်၏ ဘဏ္ဍာငွေများလေလွင့်ဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ နေပြည်တော်အတွင်း ဈေးငွေကြွေးကျန်များ လျော့နည်းစေရေးကို အလေးထား ဆောင်ရွက်စေလိုကြောင်း၊ နေပြည်တော်အတွင်း ဈေးငွေများ သတ်မှတ်ကာလအတွင်း အပြည့်အဝကောက်ယူရရှိရေးကို သက်ဆိုင်ရာဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် နေပြည်တော် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လက်ထောက် အထွေထွေမန်နေဂျာ ဒေါ်အေးမင်းသင်းက စိုက်ပျိုးစရိတ်ချေးငွေကြွေးကျန်များဖြစ်ပေါ်နေမှု၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ ချေးငွေကောက်ခံရေးလုပ်ငန်းများ၊ စီမံချက်ကာလအတွင်း ကြွေးကျန်များ ကောက်ခံမည့် အခြေအနေ လျာထားချက်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော် ချေးငွေ အကြံပေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက စိုက်ပျိုးစရိတ်ချေးငွေနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ ကျန်ရှိနေသည့် ချေးငွေကြွေးကျန်များကို သတ်မှတ်ကာလအတွင်း အပြည့်အဝရရှိရေး ကောက်ယူမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြည့်စွက်ပြောကြားသည်။

**သတင်းစဉ်**

## ပန်းခင်းအဆင့်(၂) စီမံချက်လုပ်ငန်းများ ဆောင်ရွက်

**ရွာငံ နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့၌ ယနေ့နံနက်ပိုင်းက ပန်းခင်းအဆင့်(၂) စီမံချက်လုပ်ငန်းကို မြို့ကုန်းရပ်ကွက် အမက၌ ပြုလုပ်သည်။

အဆိုပါ စီမံချက်လုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လဝကနှင့် ကော်မရှင်တို့ပူးပေါင်း၍ ရပ်ကွက်အတွင်းနေ အိမ်ထောင်စုတစ်စုချင်းအလိုက် အသက် (၁၀-၁၆)နှစ်ကြား၊ (၁၆ - ၁၈) နှစ်ကြား၊ အသက် ၁၈ နှစ်အထက်ရှိသူများကို ကိုင်ဆောင်လက်မှတ်များ၊ မဲစာရင်းလုပ်ငန်းများ၊ မွေးဖွား/သေဆုံးစာရင်းများ၊ အိမ်ထောင်စုထပ်၊ နိုင်ငံသားထပ်နေမှုများနှင့် သွေးအမျိုးအစားခွဲပေးခြင်းများ စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ကျော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဦးတို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရွာငံ(ပြန်/ဆက်)**



## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲMRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော်  နိုဝင်ဘာ ၂၉

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်က စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အသက်ထက်မြတ်သော ဂုဏ်သိက္ခာဆို၊ ငို၊ ပြော ဇာတ်ကြီးဖြင့် ဆက်လက်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ ပဒေသာကပွဲ၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV- HD၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App တို့တွင် ညနေ ၆ နာရီခွဲမှ ည ၈ နာရီအထိနှင့် ည ၉ နာရီမှ ည ၁၁ နာရီအထိ နှစ်ချိန်ခွဲ၍ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်




## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်နှင့် ငွေလှူဒါန်းပွဲ ကျင်းပ

ရန်ကုန်  နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး၊ စာအုပ်နှင့် ငွေလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၈)ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်ပထမပိုင်းတွင် စာအုပ်နှင့် ငွေလှူဒါန်းပွဲပြုလုပ်ရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုကဲ့သို့ စာအုပ်နှင့်ငွေများ လှူဒါန်းပေးသည့်အတွက် အထူးကျေးဇူးတင်ကြောင်း၊ ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ကျေးရွာ၊ ရပ်ကွက်၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ဖောင်ဒေးရှင်းအနေဖြင့် စာအုပ်များဝယ်ယူပြီး ထောက်ပံ့ပေးသကဲ့သို့ အလှူရှင်များက လှူဒါန်းသည့် စာအုပ်များကိုလည်း ပေးပို့လှူဒါန်းလျက်ရှိကြောင်း၊ ယခုကဲ့သို့ အလှူရှင်များ တိုးပွားလာရေးအတွက် ဆက်လက်စည်းရုံး ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံကြောင်း ပြောကြားသည်။



ထို့နောက် အလှူရှင်များဖြစ်ကြသော ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး၊ မြောင်းမြ)၊ တက္ကသိုလ်စိုးယဉ် (ရဲဘော်စိုးဝင်း၊ လှိုင်)၊ ထားဝယ်မြို့နယ်အသင်းနာယက ဦးစိုးမြင့် (စိုးမှူး) နှင့် စာရေးဆရာမြင်းမူမောင်နိုင်မိုးတို့က စာအုပ်များနှင့် ငွေလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ စာအုပ်များ လှူဒါန်းကြရာ (မောင်ရင့်ကျူး၊ မြောင်းမြ)က တန်ဖိုးငွေကျပ် ကိုးသိန်းရှိ ပါရမီဖြည့်ဖက်စာအုပ် အုပ်ရေ ၂၀၀ ကို လည်းကောင်း၊ တက္ကသိုလ်စိုးယဉ် (ရဲဘော်စိုးဝင်း၊ လှိုင်)က တန်ဖိုးငွေကျပ် ၂၄၅၀၀၀၀ ရှိ ဇာနည်သွေးကလေးကဗျာများစာအုပ် အုပ်ရေ ၇၀၀ ကို လည်းကောင်း၊ ထားဝယ်မြို့နယ်အသင်း နာယကဦးစိုးမြင့် (စိုးမှူး)က တန်ဖိုးငွေကျပ် လေးသိန်းရှိ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ထားဝယ်အသင်းမဂ္ဂဇင်းစာအုပ် ၁၀၀ ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းက တန်ဖိုးငွေကျပ် သုံးသိန်းရှိ ဓေယျာစာပေဘဏ်တိုက် မဂ္ဂဇင်းအမှတ် (၃) နှင့် (၄) စာအုပ်ရေ ၁၀၀ ကို လည်းကောင်း၊ ဆရာမကြီး ဒေါ်မြမြလေး (ပညာမြေကိုယ်ပိုင်အထက်တန်းကျောင်း၊ မော်လမြိုင်)က လှူဒါန်းသည့် ကျပ်ငွေ နှစ်သိန်းကို ဆရာမကြီးကိုယ်စားရုံးအဖွဲ့မှူးက လည်းကောင်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့လှူဒါန်းမှုတွင် စာအုပ် ၁၁၀၀၊ တန်ဖိုးငွေကျပ် ၄၀၅၀၀၀၀ နှင့် အလှူငွေကျပ် နှစ်သိန်းဖြစ်ပြီး အစီအစဉ်ဒုတိယပိုင်းအဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးပြုလုပ်ရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ခိုင်မာတောင့်တင်းသော ငွေကြေးအရင်းအနှီးဖြင့် ကိုယ်ပိုင်ရပ်တည်နိုင်သော စံပြကျေးရွာများထူထောင်

နေပြည်တော်  နိုဝင်ဘာ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးသာမက တောင်သူလယ်သမားများ နေထိုင်ရာ ကျေးရွာများ သာယာဖွံ့ဖြိုးရေး၊ ခိုင်မာတောင့်တင်းသော ငွေကြေးအရင်းအနှီးဖြင့် ကိုယ်ပိုင်ရပ်တည်နိုင်သော စံပြကျေးရွာများ ထူထောင်ပေးပြီး ကျေးရွာအားလုံးဖွံ့ဖြိုးမှု အရှိန်မြှင့်တင်ပေးနိုင်ရန် ဆက်စပ်ဌာနများ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကျေးရွာပေါင်း ၁၈၀ ကျော်၌ ကျေးရွာဖွံ့ဖြိုးရေးအဆောက်အအုံများ တိုးတက်ရေးအပြင် ကျေးရွာသူ ကျေးရွာသားများ၏ မိမိကိုယ်ကို အားကိုးခြင်း၊ လုံ့လဝီရိယရှိခြင်း ပူးပေါင်းဆောင်ရွက်ခြင်း စသည့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကိုပါ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း စိုက်ပျိုးပညာပေးရေး ဌာနခွဲ ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက ပြောသည်။




အဆိုပါကျေးရွာများမှ မိသားစုတိုင်းသည် မလိုအပ်သော အသုံးစရိတ်များကို ကိုယ်တိုင်လျှော့ချကာ ချွေတာသုံးစွဲပြီး ရရှိလာသည့် ငွေပိုငွေလျှံများကို ကျေးရွာငွေတိုက်၌ စုဆောင်းနိုင်ရန် ကိုရီးယားနိုင်ငံ ဆယ်မာအူးလ်ဂွန်ဂိုအဖွဲ့ချုပ်မှ ကိုရီးယားနိုင်ငံ ကျေးရွာငွေတိုက်များ၏ အောင်မြင်မှုဖြစ်စဉ်များကို နမူနာယူ၍ ကျေးရွာငွေတိုက်ကော်မတီများ ဖွဲ့စည်းပေးလျက်ရှိကြောင်း၊ စုငွေများကို ကျေးရွာအတွင်းမှ စီးပွားရေးလုပ်ငန်းဆောင်ရွက်လိုသူများ၊ ဝင်ငွေ တိုးပွားရေးလုပ်ငန်း ဆောင်ရွက်လိုသူများ လိုအပ်သော အရင်းအနှီးအဖြစ် ထုတ်ချေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိရာ ကျေးရွာ ငွေတိုက်ပေါင်း ၃၅ ခုကို တည်ထောင်ထားပြီး ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ ဆယ်မာအူးလ်ဂွန်ဂိုအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ကျေးရွာငွေစုဆောင်းခြင်းစနစ် တည်ထောင်ရေးစီမံကိန်း (Village Saving System Project)အဖြစ် ကျေးရွာငွေတိုက် ၃၅ ခု၏ ငွေစုခြင်းနှင့် ငွေချေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်တိုဘာလအထိ အသင်းဝင် ဦးရေ ၄၄၉၄ ဦးရှိပြီး စုဆောင်းငွေကျပ်သိန်း ၉၀၀၀ ကျော်ရရှိနေပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာငွေတိုက်များကို ဦးဆောင်နေကြသော ကျေးရွာခေါင်းဆောင်များအား လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျရှိစေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရေးတို့အတွက် မြန်မာဆယ်မာအူးလ်ဂွန်ဂို (ကျေးရွာငွေတိုက်)အွန်လိုင်းသင်တန်း အမှတ်စဉ်(၁/၂၀၂၂)ကို နိုဝင်ဘာ ၂၈ ရက်မှ စတင်၍ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျွမ်းကျင်သူများက ဘာသာရပ်များအလိုက် ပို့ချပေးသွားမည် ဖြစ်ကြောင်း၊ သင်တန်းတွင် ကိုရီးယားနိုင်ငံ ဆယ်မာအူးလ် ဂွန်ဂိုအဖွဲ့ချုပ်မှ အကြီးတန်းမန်နေဂျာ မစ္စတာရှင်းဝူဂျုန်းက ကိုရီးယားနိုင်ငံ ကျေးရွာငွေတိုက်များ၏ အောင်မြင်မှုဖြစ်စဉ်များကို မိတ်ဆက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ရိုဘတ်စတာကော်ဖီ ဧက ၂၀၀၀၀ တိုးချဲ့စိုက်ပျိုးမည်

နေပြည်တော်  နိုဝင်ဘာ ၂၉

ကော်ဖီစိုက်တောင်သူများ ဝင်ငွေတိုးတက်မြင့်မားရေး၊ အရည်အသွေးမြင့်မားသောကော်ဖီနှင့် တန်ဖိုးမြှင့်ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်နိုင်ရေးအတွက် ယှဉ်ပြိုင်စွမ်းအားမြင့်မားပြီး ရေရှည်တည်တံ့ခိုင်မြဲရေး ခေတ်မီနည်းစနစ်များနှင့် လိုက်လျောညီထွေရှိမှုကို ရှေးရှုသည့် မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရန်အတွက် ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ဧရာဝတီတိုင်းဒေသကြီး၌ ရိုဘတ်စတာကော်ဖီ ဧက ၂၀၀၀၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

ကော်ဖီတိုးချဲ့ စိုက်ပျိုးရေးစီမံကိန်းအရ ၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် ဧက ၄၀၀၀ ကို မြို့နယ် ၁၈ မြို့နယ်၌ ဆောင်ရွက်စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးဝယ်ယူစုဆောင်းခြင်း၊ ပျိုးပင်ဝယ်ယူစုဆောင်းခြင်းလုပ်ငန်းများကို ဒီဇင်ဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကော်ဖီစိုက်ပျိုးရေးကို စိတ်ပါဝင်စားသူများ၊ မြေလွတ်မြေရိုင်း လုပ်ကိုင်ခွင့်ရရှိသူများ၊ သစ်တောရေိယာအတွင်း လုပ်ကိုင်ခွင့်ရရှိသူများနှင့် အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးလိုသူများအနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး စိုက်ပျိုးရေးဦးစီးဌာန ပုသိမ်မြို့သို့ လည်းကောင်း၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသန်းအောင်ဆန်း ဖုန်း- ၀၉-၅၂၁၄၃၆၂ သို့ လည်းကောင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနှင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ၏စီးပွားရေးကိုထိခိုက်စေသည့် တရားမဝင်ငွေကြေးလွှဲပြောင်းခြင်း

မေယု-မျိုးအောင် (MANA)

မြန်မာနိုင်ငံတွင် ပြည်ပကို ငွေလွှဲလုပ်ငန်း လုပ်ကိုင်ခွင့် ဘဏ်လုပ်ငန်းလိုင်စင်ကို နိုင်ငံပိုင်ဘဏ် သုံးခု၊ ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၉ ခု၊ နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲ ၁၃ ခု စုစုပေါင်း ၃၅ ခုအား လုပ်ကိုင်ခွင့်ပြုထားသော်လည်း ပြည်တွင်းဘဏ် ၁၉ ခုအနက် ၁၃ ခုသာ အမှန်တကယ် လုပ်ကိုင်လျက်ရှိသည်။ ဘဏ်များအနေဖြင့် ငွေလွှဲခြင်းဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ခေတ်နှင့် လိုက်လျောညီထွေမရှိတော့သည့် လုပ်ထုံးလုပ်နည်းများ ဆက်လက်ကျင့်သုံးနေခြင်းက တရားမဝင်ငွေလွှဲခြင်းကို တွန်းအားပေးရာရောက်စေသည်။

### ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများ

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် အများအပြားသွားရောက်လုပ်ကိုင်နေသည့် နိုင်ငံဖြစ်သည်နှင့်အညီ ပြည်တွင်းသို့ ဟွန်ဒီစနစ်ဖြင့် ငွေလွှဲပို့မှုသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်ရှိကြောင်း ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများက ခန့်မှန်းထားရာ ယင်းလုပ်ငန်းသည် တိုင်းပြည်အတွက် များစွာအကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းဖြစ်သည်။

ဟွန်ဒီငွေလွှဲလုပ်ငန်းသည် မြန်မာနိုင်ငံ၌ နှစ်ပေါင်းများစွာ သက်ဆိုးရှည်နေသော ငွေကြေးခဝါချမှုများကို ကျားကန်ပေးနေသည့် လုပ်ငန်းတစ်ရပ်လည်းဖြစ်ရာ ယင်းလုပ်ငန်းများ တရားဝင်ဖြစ်လာပါက စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ လုံခြုံစိတ်ချမှုရှိစွာဖြင့် ငွေများလွှဲပို့နိုင်မည်ဖြစ်သော်လည်း ပြည်တွင်း၊ ပြည်ပ ငွေလွှဲခြင်းလုပ်ငန်းများ၌ ငွေကြေးခဝါချမှုများနှင့် အကြမ်းဖက်မှုအတွက် ထောက်ပံ့သည့်ကိစ္စရပ်များ ရှိလာနိုင်သဖြင့် ယင်းလုပ်ငန်းများအပေါ် စနစ်တကျစောင့်ကြည့်ရေးမှာ အရေးပါသည့်ကိစ္စ ဖြစ်လာပေမည်။

ပြည်တွင်း၊ ပြည်ပငွေလွှဲရာ၌ ကုန်သွယ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံခြားငွေစာရင်းရှင်တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရောင်းဝယ်မှုများ၊ တရားမဝင်နည်းလမ်းအမျိုးမျိုးဖြင့် ရရှိထားသောငွေကြေးများမှာ ဟွန်ဒီစနစ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် လည်ပတ်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလက ထုတ်ပြန်ခဲ့သော အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့အခြေစိုက် ကမ္ဘာ့ငွေကြေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့ (Global Financial Integrity – GFI)၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် ၁၉၆၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အတွင်း အဂတိလိုက်စားမှု၊ ရာဇဝတ်မှု၊ အခွန်တိမ်းရှောင်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုတို့နှင့်ဆက်စပ်သော ငွေမည်းများ ပြည်ပသို့စီးထွက်ခဲ့သည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ အထိရှိကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံအတွင်း လှည့်ပတ်သုံးစွဲနေသော ငွေကြေးစနစ်ကို ဘဏ်လုပ်ငန်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး တိုးတက်ခေတ်မီလာသည့် သတင်းအချက်အလက်နှင့် နည်းပညာခေတ်တွင် မိုဘိုင်းဝန်ဆောင်မှုစနစ်အမျိုးမျိုးဖြင့်ပါ တွင်ကျယ်စွာ အသုံးပြုလာနိုင်ပြီဖြစ်သည်။ လုံခြုံစိတ်ချစွမ်းရည်ပြည့်ဝသည့် အမျိုးသားငွေပေးချေသည့်စနစ်ကို အကောင်အထည်ဖော်ရာ၌ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မသမာသူများက မိုဘိုင်းငွေပေးချေမှုလုပ်ငန်းအချို့ကို အသုံးချ၍ မရိုးသားသောနည်းလမ်းများဖြင့် တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လာသည်ဟု သိရှိရသည်။ ထို့အပြင် နယ်စပ်ဖြတ်ကျော် ငွေကြေးပေးချေမှုများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်တွင်း/ပြည်ပမှ ငွေကြေးလွှဲပြောင်းပေးပို့ရာတွင်လည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ထောက်ပံ့ပေးသည့် ဥပဒေဖောက်ဖျက်သောပြုလုပ်မှုများရှိလာသည်ကို တွေ့ရသည်။ တရားဝင်မိုဘိုင်းဝန်ဆောင်မှုကိုအသုံးချ၍ ငွေကြေးလိမ်လည်မှု၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုတို့ကို ကာကွယ်တိုက်ဖျက်သွားရန် လိုအပ်လာသည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအတွက် စည်းမျဉ်းစည်းကမ်း ထပ်မံသတ်မှတ်ရန် လိုအပ်လာသည်။

မြန်မာနိုင်ငံတွင် ငွေကြေးခဝါချမှုများ နှစ်ပေါင်းများစွာ သက်ဆိုးရှည်စေရန် ကျားကန်ပေးနေသည်မှာ အဆိုပါ ဟွန်ဒီငွေလွှဲလုပ်ငန်းများက အဓိကဖြစ်သည်။ အဝေးဟု တင်စားခေါ်ဝေါ်သည့် တရားမဝင်ငွေလွှဲပြောင်းမှုများ၊ နိုင်ငံခြား ငွေစာရင်းရှင်တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရောင်းဝယ်မှုများ၊ တရားမဝင်နည်းလမ်းအမျိုးမျိုးဖြင့် ရရှိထားသော ငွေကြေးများ ဟွန်ဒီစနစ်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့် လည်ပတ်လျက်ရှိသည်။

### အိမ်ခြံမြေကဲ့သို့ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဝယ်ယူခြင်း

ငွေမည်းပိုင်ရှင်များသည် ငွေဖြူဖြစ်အောင် လျှော်ဖွပ်ရာ၌ ဘဏ်တစ်ခုတည်းရှိ ငွေစာရင်းသို့ ပမာဏများပြားသည့်ငွေများ ထည့်သွင်းလေ့မရှိပေ။ ပုဂ္ဂလိကဘဏ်များတွင် အမည်အမျိုးမျိုးဖြင့် သီးခြားစီဖွင့်လှစ်ခြင်း၊ သားသမီးများ၏ အမည်ဖြင့် ဖွင့်လှစ်ခြင်း၊ ငွေစုလက်မှတ်ဝယ်ယူခြင်းမျိုးဖြင့် သိမ်းဆည်းလေ့ရှိသကဲ့သို့ အိမ်ခြံမြေကဲ့သို့ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဝယ်ယူခြင်းဖြင့် ငွေဖြူဖြစ်စေရန် လျှော်ဖွပ်လေ့ရှိသည်။ ဘဏ်ထဲရှိ ၎င်းတို့၏ ငွေစာရင်းမှငွေများအား အလှမ်းဝေးသည့် ဘဏ်များထံ နည်းနည်းချင်းစီ ထပ်မံလွှဲပြောင်းခြင်း၊ အစုရှယ်ယာဝယ်ခြင်း၊ ကုန်ပစ္စည်းဖိုးငွေပေးချေခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုထံတွင် ငွေချေခြင်းများဖြင့် ခြေရာဖျောက်လေ့ရှိသည်။ ဟွန်ဒီစနစ်သည် နိုင်ငံ၏စီးပွားရေးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်စေသည်။

### လုပ်ငန်းအာမခံငွေနှင့် လုပ်ငန်းတွင်း လှည့်လည်သုံးစွဲငွေ

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် အများအပြား သွားရောက်လုပ်ကိုင်နေသည့် နိုင်ငံဖြစ်သည်။ ပြည်တွင်းသို့ ဟွန်ဒီစနစ်ဖြင့် ငွေလွှဲပို့မှုသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်ရှိကြောင်း ဘဏ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများက ခန့်မှန်းထားရာ ဟွန်ဒီငွေလွှဲလုပ်ငန်းသည် တိုင်းပြည်အတွက် ကောင်းကျိုး၊ ဆိုးကျိုးနှစ်ခုစလုံး အပေါ် သက်ရောက်မှုရှိနေသည်။ ဟွန်ဒီဝန်ဆောင်မှုသည် ပြည်ပရောက် မြန်မာများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဆုံး လုပ်ငန်းတစ်ခုဖြစ်နေသည်မှာ မည်သူမျှမငြင်းနိုင်သည့်အချက်ဖြစ်ရာ ဟွန်ဒီလုပ်ငန်းကို နှိမ်နင်းရေးထက် လုံခြုံစိတ်ချမှုရှိသည့် တရားဝင် ငွေရေးကြေးရေးလုပ်ငန်းဖြစ်လာစေရန် လမ်းဖွင့်ပေးသင့်သည်။ ပြည်ပငွေလွှဲ လိုင်စင်လုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသူများသည် သက်ဆိုင်ရာနိုင်ငံများတွင် ကိုယ်စားလှယ်များထားရှိ၍လည်းကောင်း၊ ဘဏ်များနှင့်ချိတ်ဆက်၍လည်းကောင်း၊ ရုံးခွဲများဖွင့်လှစ်၍လည်းကောင်း၊ သတင်းအချက်အလက် အိုင်တီနည်းပညာကို အသုံးပြု၍လည်းကောင်း၊ ဆောင်ရွက်မည့်ပုံစံအလိုက် လိုင်စင်လျှောက်ထားရာတွင် ဖော်ပြရမည်ဖြစ်သည်။ ပြည်ပငွေလွှဲလုပ်ငန်းလိုင်စင် ရရှိသူများသည် ငွေလွှဲလုပ်ငန်းဆောင်ရွက်ရာတွင် ပြည်တွင်းကျပ်ငွေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းအာမခံငွေနှင့် လုပ်ငန်းတွင်း လှည့်လည်သုံးစွဲငွေ ထားရှိရမည်ဖြစ်သည်။

ဟွန်ဒီဈေးကွက်သည် ပြည်ပရောက် မြန်မာလုပ်သားများက ငွေလွှဲခြင်းများ၊ နယ်စပ်ကုန်သွယ်မှုများမှ ငွေလွှဲခြင်းများအကြား ကြီးမားစွာပျံ့နှံ့လျက်ရှိသည်။ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုတွင် အများဆုံးကုန်သွယ်မှုပြုနေသည့် တရုတ်နှင့်ထိုင်းနိုင်ငံတို့တွင် ဟွန်ဒီတရားမဝင်လမ်းကြောင်းဖြင့် ငွေလွှဲနေခြင်းများရှိသည်။ ပြည်ပရောက်မြန်မာနိုင်ငံသား အလုပ်သမားများ၏ ငွေလွှဲပေးပို့ခြင်းများတွင်လည်း တရားမဝင်ငွေလွှဲသည့် နည်းလမ်းဖြင့် ပေးပို့ခြင်းများရှိသည်။ မြန်မာရွှေ့ပြောင်း အလုပ်သမားများသည် ရရှိသောလစာငွေများကို ပြန်လည်ပို့ဆောင်ရာတွင် ပြည်တွင်းဘဏ်များနှင့် ချိတ်ဆက်၍ ငွေလွှဲမှုများရှိသော်လည်း အများစုမှာ တရားမဝင်ငွေလွှဲလုပ်ငန်းဟွန်ဒီကို အသုံးပြုပေးပို့ကြသည်။ တရားမဝင်ငွေလွှဲဒိုင်များက မြန်မာနိုင်ငံမှ ပြည်တွင်းလုပ်ငန်းရှင်များနှင့်ချိတ်ဆက်ကာ အလုပ်သမားများပေးပို့သော နိုင်ငံခြားငွေကို အသုံးပြု၍ ပြည်တွင်းသို့ ပစ္စည်းများ ပြန်လည်တင်သွင်း သည့်နည်းလမ်းကို အသုံးပြုလေ့ရှိသည်ဟု သိရသည်။

ပြည်ပနိုင်ငံများသို့ တရားဝင် သွားရောက်လုပ်ကိုင်သူများသည် သက်ဆိုင်ရာ အေဂျင်စီနှင့် ချိတ်ဆက်ထားသော ပြည်တွင်းဘဏ်များမှ ပြန်လည်ပေးပို့နိုင်သော်လည်း တရားမဝင် သွားရောက်သူများသည် ပွဲစားများဖြင့်သာ ငွေပြန်ပို့နိုင်သေးကြောင်း ပြည်ပရောက် မြန်မာအလုပ်သမားများထံမှ သိရသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ သွားရောက်လုပ်ကိုင်နေသူ ငါးသန်းကျော်ရှိသည့်အနက် တရားဝင်များလည်းရှိသကဲ့သို့ တရားမဝင် သွားရောက်လုပ်ကိုင်သူများလည်းရှိသည်။ တရားမဝင်အလုပ်သမားများက ငွေလွှဲပွဲစားများမှတစ်ဆင့် ငွေလွှဲရာတွင် ငွေလွှဲခနှုန်းထားများသည် ဘဏ်ပေါက်ဈေးထက် ပိုမိုများပြားပြီး ကာလပေါက်ဈေး ငွေကြေးတန်ဖိုးထက် ဈေးနှိမ်၍ ငွေလွှဲရကြောင်း သိရသည်။ မြန်မာနိုင်ငံသို့ တရားဝင်ငွေလွှဲလမ်းကြောင်းဖြင့် လွှဲနိုင်သည့်အတွက် မိမိငွေကြေးကို စိတ်ချစွာလွှဲနိုင်မည့် အကျိုးကျေးဇူးခံစားရမည်ဖြစ်သည်။

### ပြည်ပငွေလွှဲလုပ်ငန်း လုပ်ဆောင်ရန် လိုင်စင်သက်တမ်းသုံးနှစ်

ပြည်ပရောက် အလုပ်သမားများ၏ ငွေများ၊ ဘဏ်များနှင့်ချိတ်ဆက်၍ လိုင်စင်ဖြင့် တရားဝင်ငွေလွှဲလမ်းကြောင်းမှ လွှဲနိုင်ခြင်းအားဖြင့် အလုပ်သမားများ၏ ငွေများဆုံးရှုံးနိုင်မှုမှ ကင်းဝေးမည်ဖြစ်သည်။ နိုင်ငံအတွင်း စီးဝင်လာမည့် ငွေပမာဏအချက်အလက်များကိုလည်း ရရှိမည်ဖြစ်သည်။ ပြည်ပငွေလွှဲလုပ်ငန်း လုပ်ဆောင်ရန် လိုင်စင်သက်တမ်း သုံးနှစ် သတ်မှတ်ထားကြောင်း သိရသည်။ ကုန်သွယ်ရေးဆိုင်ရာ ပမာဏကြီးမားသည့် ငွေလွှဲခြင်းများသည် ဘဏ်လမ်းကြောင်းမှ သွားရမည်ဖြစ်သော်လည်း မည်သည့်အတွက်ကြောင့် တရားဝင်မသွားရခြင်း၏ အကြောင်းရင်းကို ပြန်လည်သုံးသပ်ရန် လိုအပ်သကဲ့သို့ ဝန်ဆောင်မှုပေးသည့် ဘဏ်များသည် ဝန်ဆောင်မှုကို ပိုကောင်းအောင်လုပ်ရန် လိုအပ်သည်ဟု စီးပွားရေးပညာရှင်များနှင့် ဘဏ်ပညာရှင်များက ဆိုသည်။

မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရွန်နစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း လုပ်ငန်းစဉ်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆင်းကတ်နံပါတ်တို့အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အီလက်ထရွန်နစ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ်နှင့် ဆက်သွယ်ရေးဦးစီးဌာန၏ ဆင်းကတ်မှတ်ပုံတင်ခြင်း၊ ဒေတာဘေ့စ်များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်သည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုကို အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများအား ကောင်းစွာသိရှိခြင်း အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန် လိုအပ်သည်။

> **ပြည်ပရောက် အလုပ်သမားများ၏ ငွေများ၊ ဘဏ်များနှင့်ချိတ်ဆက်၍ လိုင်စင်ဖြင့် တရားဝင်ငွေလွှဲလမ်းကြောင်းမှ လွှဲနိုင်ခြင်းအားဖြင့် အလုပ်သမားများ၏ ငွေများဆုံးရှုံးနိုင်မှုမှ ကင်းဝေးမည်ဖြစ်သည်။ နိုင်ငံအတွင်း စီးဝင်လာမည့် ငွေပမာဏအချက်အလက်များကိုလည်း ရရှိမည်ဖြစ်သည်။ ပြည်ပငွေလွှဲလုပ်ငန်း လုပ်ဆောင်ရန် လိုင်စင်သက်တမ်းသုံးနှစ် သတ်မှတ်ထားကြောင်းသိရသည်။ ကုန်သွယ်ရေးဆိုင်ရာ ပမာဏကြီးမားသည့် ငွေလွှဲခြင်းများသည် ဘဏ်လမ်းကြောင်းမှ သွားရမည်ဖြစ်သော်လည်း မည်သည့်အတွက်ကြောင့် တရားဝင်မသွားရခြင်း၏ အကြောင်းရင်းကို ပြန်လည်သုံးသပ်ရန် လိုအပ်သကဲ့သို့ ဝန်ဆောင်မှုပေးသည့် ဘဏ်များသည် ဝန်ဆောင်မှုကို ပိုကောင်းအောင်လုပ်ရန်လိုအပ်သည်ဟု စီးပွားရေးပညာရှင်များနှင့် ဘဏ်ပညာရှင်များကဆို**

စာမျက်နှာ ၁၂ သို့ ◆

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉,၂၅၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၅၇,၉၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၂၁၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၇,၇၂၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦးရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၈) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများစစ်ဆေး

ကွန်ဟိန်း နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဟိုပန်ကျေးရွာအုပ်စု ဆိုင်းခေါင်ကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

### ကြည့်ရှုစစ်ဆေး

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာမင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ဆိုင်းခေါင်ကျေးရွာတွင် ကျောက်စီမြေကြာနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ အလျား ၇၅ ပေ၊ အနံ နှစ်ပေ၊ အမြင့် လေးပေရှိ ဂါလန် ၃၀၀၀ ဆံ့ ရေစုတမံပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် အရှည်ပေ ၂၃၀၊ အကျယ် ၁၀ ပေ၊ ဒု သုံးလက်မရှိ ရေဆိပ်သွားလမ်း သဲဖြုန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန်ဆွေးနွေးမှာကြားခဲ့သည်။

ဆိုင်းခေါင်ကျေးရွာတွင် အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ဦးစီးဌာနဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ တတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၈၆ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အကျိုးပြု အိမ်ခြေ ၁၁၆ အိမ်၊ လူဦးရေ ၅၇၄ ဦးကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။



၂၂၂

## ပဲခူးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများနှင့်တွေ့ဆုံပွဲ ကျင်းပ

ပဲခူး နိုဝင်ဘာ ၂၉

ပဲခူးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပဲခူးမြို့နယ် ပေါက်တောကျေးရွာအုပ်စုရှိ ကျေးရွာဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပဲခူးခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်နှင့် ပဲခူးမြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်တို့က လယ်ယာစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပဲတီစိမ်းစိုက်ပျိုးသော တောင်သူများအတွက် တစ်ဧကလျှင် ကျပ် ၁၂၀၀၀၀နှုန်းဖြင့် လိုအပ်လျက်ရှိသော သွင်းအားစုများဖြစ်သည့် မြေဩဇာနှင့် ပိုးသတ်ဆေးရရှိရေး ထောက်ပံ့ဆောင်ရွက်ပေးခြင်း၊ သွင်းအားစုတန်ဖိုးနှင့်ညီမျှသော ပဲတီစိမ်းများအား တောင်သူများက ပြန်လည်ရောင်းချပေးဆပ်ခြင်းအပါအဝင် ပံ့ပိုးဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို တင်ပြကြရာ ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု ကြီးကြပ်ရေးအဖွဲ့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

◆ စာမျက်နှာ ၁၁ မှ

### မိုဘိုင်းငွေကြေးစာရင်းများ

ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လုံခြုံစိတ်ချစွာဖြင့် စနစ်တကျလည်ပတ်ရေး ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ အချက်အလက်ဖြည့်သွင်းခြင်းကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများအား အပြီးတိုင်ပိတ်သိမ်းသွားမည်ဟု သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသော ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စားငွေကောက်ခံရှင်းလင်းသည့်စနစ် ဝန်ဆောင်မှုလုပ်ငန်းစသည့် မိုဘိုင်းငွေပေးချေမှု အသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ်များ/ဘဏ်များသို့ သွားရောက်၍ မိမိတို့၏ ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2) အဆင့်သို့ အချိန်မီမြှင့်တင်ရန် လိုအပ်သည်။

အဆင့် ၂ (Level 2) အဆင့်သို့တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့်နည်းလမ်းများကိုဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စက်တင်ဘာလ ၁၆ ရက်နေ့တွင် အသိပေးထားသည်။ မိုဘိုင်းစနစ်ဖြင့် ငွေကြေးလွှဲပြောင်းပေးပို့ ဆောင်ရွက်နေကြသော ပြည်သူများနှင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေကြသော ပြည်သူများအနေဖြင့် ယခုထပ်မံအဆင့်မြှင့်တင် ဆောင်ရွက်နေသော ငွေကြေးလုပ်ငန်းစဉ်များအပေါ် နားလည်မှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်။ လတ်တလောတွင် ငွေကြေးလွှဲပြောင်းပို့ဆောင်မှုများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၌ အခက်အခဲများရှိမည်ဖြစ်သော်လည်း နောင်တွင် ပြန်လည်အဆင်ပြေလာမည်ဖြစ်၍ အမျိုးသားအကျိုးစီးပွားနှင့် လုံခြုံမှုအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်သည်။

### ဟွန်ဒီငွေလွှဲလုပ်ငန်း

အစိုးရအနေဖြင့် ဟွန်ဒီငွေလွှဲလုပ်ငန်းကို ငွေမည်းများ လျှော်ဖွပ်ရာနေရာအဖြစ် အသုံးချမှု မဖြစ်ပေါ်စေရေးအတွက် စနစ်တကျစောင့်ကြည့်အရေးယူခြင်း၊ ပြည်ပရွှေ့ပြောင်းလုပ်သားများ၊ အသုံးပြုနေသည့် တရားမဝင်ဟွန်ဒီငွေလွှဲလုပ်ငန်းများ တရားဝင်ဖြစ်လာစေရေးအတွက် နည်းလမ်းရှာဖွေခြင်းများကို လိုအပ်သည်။ ပြည်ပငွေလွှဲခြင်းလုပ်ငန်းသည် ကောင်းကျိုး၊ ဆိုးကျိုးနှစ်ခုစလုံးရှိလာနိုင်သည်ဖြစ်ရာ အာဏာပိုင်များအနေဖြင့် ယင်းငွေလွှဲလုပ်ငန်းကို ငွေမည်းများ လျှော်ဖွပ်ရာနေရာအဖြစ် အသုံးချမှု မဖြစ်ပေါ်စေနိုင်ရေးအတွက် စနစ်တကျ စောင့်ကြည့်ခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်း၊ တည်ဆဲနိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်မှုပြစ်ဒဏ်ကို ခေတ်ကာလနှင့်လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်မှုများကို အကောင်အထည်ဖော်နိုင်ပါက တရားမဝင်ငွေကြေးများ တရားဝင်ဖြစ်လာကာ ငွေကြေးစီးဆင်းမှုမှန်ကန်ရေးအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# တရုတ်ကုမ္ပဏီများကို ကန့်သတ်ဖိနှိပ်ခြင်းမှ ရပ်တန့်ရန် အမေရိကန်အား တရုတ်တိုက်တွန်း




**ပေကျင်း နိုဝင်ဘာ ၂၉**

အမျိုးသားလုံခြုံရေးကို အကြောင်းပြ၍ ကုန်သွယ်ရေးနှင့် နည်းပညာနယ်ပယ်တွင် လုပ်ငန်းလုပ်ကိုင်နေသည့် တရုတ်ကုမ္ပဏီများကို ကန့်သတ်ဖိနှိပ်ခြင်းမှ ရပ်တန့်ရန် အမေရိကန်အား တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၈ ရက်တွင် တိုက်တွန်းခဲ့ကြောင်း သိရသည်။

အထက်ပါ တိုက်တွန်းချက်သည် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြောင်းပြချက်ဖြင့် တရုတ်ဆက်သွယ်ရေးကုမ္ပဏီငါးခုထံမှ ထုတ်လုပ်သည့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းကိရိယာများအား သုံးစွဲခြင်းမှ ပိတ်ပင်ကန့်သတ်ကြောင်း အမေရိကန်ဆက်သွယ်ရေးကော်မရှင်က ကြေညာခဲ့ပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ တရုတ်ကုမ္ပဏီများအား အမျိုးသားလုံခြုံရေး အကြောင်းပြချက်ဖြင့် ရောင်းဝယ်ဖောက်ကားခြင်းမှ ပိတ်ပင်ခဲ့ခြင်းသည် အမေရိကန်၏ အာဏာကိုအလွဲသုံးစားပြုခြင်းနှင့် တရုတ်ကုမ္ပဏီများအား ဖိနှိပ်ကန့်သတ်ချင်သည့် တစ်ဖက်သတ်ဆောင်ရွက်ချက်သာဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဇောင်လီကျင်းက ပြောကြားသည်။

ယခုအမေရိကန်၏ ဆောင်ရွက်ချက်သည် ဈေးကွက်စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်းဖြစ်၍ တရုတ်နိုင်ငံအနေဖြင့် ပြတ်သားစွာရှုတ်ချကြောင်း ၎င်းက ပြောကြားသည်။ အမေရိကန်အနေဖြင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များတွင် ဖိနှိပ်ချုပ်ချယ်ခြင်းအား ဝါဒတစ်ရပ်ပမာ ကျင့်သုံးခြင်းမှရှောင်ရှားပြီး အမေရိကန်တွင် လုပ်ငန်းဆောင်ရွက်နေသည့် တရုတ်ကုမ္ပဏီများအား တရားမျှတစွာ ဆက်ဆံဆောင်ရွက်ရန် ၎င်းက တိုက်တွန်းခဲ့သည်။ တရုတ်အစိုးရအနေဖြင့်လည်း အမေရိကန်နှင့် လုပ်ငန်းဆောင်ရွက်နေသည့် တရုတ်ကုမ္ပဏီများ၏ တရားဝင်အခွင့်အရေးများ ရရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား - စီဂျီတီအင်န်**

**ဘာသာပြန် - စိုးသူရ**



# ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ လူဦးရေ သန်း ၁၀၀ ရှိလာမည်

**ဟနွိုင်း နိုဝင်ဘာ ၂၉**

ဗီယက်နမ်နိုင်ငံ၌ ၂၀၂၃ ခုနှစ်တွင် လူဦးရေ သန်း ၁၀၀ ရှိလာမည်ဟု မျှော်လင့်ထားကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ နိုဝင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်များအရ သိရသည်။

ဗီယက်နမ်နိုင်ငံ၏ လူဦးရေသည် လက်ရှိတွင် ၉၉ သန်းကျော်ရှိပြီး ကမ္ဘာ့တစ်ဝန်းရှိနိုင်ငံများအနက် လူဦးရေအများဆုံးနိုင်ငံများစာရင်းတွင် အဆင့်(၁၅) နေရာ၌ ရပ်တည်လျက်ရှိကာ အရှေ့တောင်အာရှနိုင်ငံများစာရင်းတွင်မူ တတိယမြောက် လူဦးရေအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း ဒေသတွင်းသတင်းစာဖြစ်သည့် Tuoi Tre က သတင်းထုတ်ပြန်ခဲ့သည်။

ဗီယက်နမ်နိုင်ငံ၌ အသက် ၁၅ နှစ်မှ ၄၉ နှစ်အရွယ်ရှိ အမျိုးသမီး ၂၅ သန်းသည် ကိုယ်ဝန်ဆောင်မိခင်များဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ်တွင် ဗီယက်နမ်နိုင်ငံ၌ အသက် ၁၅ နှစ်မှ ၄၉ နှစ်အရွယ်ရှိ အမျိုးသမီးအရေအတွက် ၂၆ သန်းရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၁၄၇၆ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် နိုဝင်ဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၁၄၇၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၇၀၃၁၃၁၉ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၈၄ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၀၄၅၄ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



# အီရန်နိုင်ငံက ရုရှားနိုင်ငံသို့ ကားတင်ပို့ရောင်းချရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန်ကြေးရှိသည့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့

**တီဟီရန် နိုဝင်ဘာ ၂၉**

အီရန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ကားတင်ပို့ရောင်းချရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန်ကြေးရှိသည့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ရုရှားနိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း အီရန် Fars သတင်းအေဂျင်စီက နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။



ရုရှားနိုင်ငံသည် အီရန်နိုင်ငံမှ ထုတ်လုပ်သည့် ကားများအား အဓိကဝယ်ယူနေသည့် နိုင်ငံဖြစ်ကြောင်း အီရန်နိုင်ငံ စက်မှုလုပ်ငန်းနှင့် မော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေးလုပ်ငန်း အကြီးအကဲ မိုဟာမာဒရီဇာက ပြောကြားသည်။

ထို့ပြင် အီရန်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံသို့ ကားစီးရေ ၁၀၀၀ ကို လက်ရှိအချိန်တွင် တင်ပို့ရောင်းချခဲ့ပြီး အနာဂတ်ကာလတွင်လည်း အီရန်နိုင်ငံမှ ကားများကို တောင်အမေရိကနိုင်ငံများမှ ဝယ်ယူမှုများပြားလာမည်ဟု ယူဆရကြောင်း ၎င်းက ပြောကြားသည်။

ရုရှားနှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် အီရန်ထုတ်ကားများအတွက် ဈေးကွက်ကောင်းတစ်ခုဖြစ်လာနေပြီး မကြာမီ ကမ္ဘာ့ဈေးကွက်တွင် အီရန်ထုတ်ကားများအတွက် ဈေးကွက်ရရှိစေရေး ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောကြားသည်။ မကြာသေးမီအချိန်အတွင်းကလည်း အီရန်နိုင်ငံထုတ်ကားများကို အာမေးနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့သို့ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

■

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၉၂၈ ဦး ထပ်မံတွေ့ရှိ

**မော်စကို နိုဝင်ဘာ ၂၉**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၉၂၈ ဦးထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၅၈၄၇၄၀ ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက နိုဝင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၃ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၉၁၉၄၃ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၈၆၃ ဦးထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၉၉၂၁၅၃ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၁၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၅၅၄၀၈ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေ ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်သို့ ပြန်လည်ဝင်ရောက်



သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာများသို့ တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်ဝင်ရောက်လာစဉ်။



သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာများသို့ ပြန်လည်ဝင်ရောက်လာသည့် တိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့ကို KNU၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၂ ခုနှစ် မေလမှစတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများကို ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့်လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာ စကားများဖြင့်လည်းကောင်း ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် ထွက်ပြေးတိမ်းရှောင်သူများအနက်မှ နိုဝင်ဘာ ၂၈ ရက်နှင့် ယနေ့တို့တွင် သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာများသို့ အမျိုးသား ၆၃ ဦး၊ အမျိုးသမီး ၅၆ ဦး စုစုပေါင်း ၁၁၉ ဦး ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက နေ့ညမပျက် ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး လိုအပ်သည်များ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နားခါတောင်ရပ်ကွက်နေ သန့်ဝေဟင်(ခ)ကိုသဲသည် ၎င်းအသုံးပြုသည့် “Ko Thae” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ဘန်းလမွတ်ကျေးရွာနေ ချိုရည်ဖွေး(ခ)မိတုတ်နှင့် ကလွင်ကျေးရွာနေ လူမင်း(ခ)ရဲရင့်တို့သည့် ၎င်းတို့ အသုံးပြုသည့် “Cho Ye Phawe” Facebook အကောင့်၊ “Lu Minn” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၆/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ်(၆/၂၀၂၂)အား (၂၈-၁၁-၂၀၂၂)ရက်နေ့မှ (၆-၁-၂၀၂၃)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိပေးဖော်ပြထားပါသည်-

- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရွှာင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံတောရပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝါဆိုကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဏ္ဍိတာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာသီရိကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ပါဠိကာရီပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဓာတုဝိဇ္ဇာပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ သာသနာ့ဝန်ဆောင်မြို့ဦးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မကွေးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရွှေရတနာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ သုစိတ္တာရုံကျောင်းတိုက်နှင့် မရမ်းကုန်းမြို့နယ်ရှိ ကလေးဝ တောရကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရွှေပြည်အေးဝိပဿနာဓမ္မရိပ်သာတို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# AFC／MFF B Diploma Coaching Course Part 1 သင်တန်းဖွင့်လှစ်



ရန်ကုန် နိုဝင်ဘာ ၂၉

အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC/ MFF B Diploma Coaching Course Part 1 သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြံပေး ဦးဘန်နီတင်အောင်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ နည်းစနစ် ဒါရိုက်တာနှင့် သင်တန်းနည်းပြ ဆရာ ဦးတင်မြင့်အောင်နှင့် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားတွင် ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကိုကိုသိန်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဆရာဖြစ်သူ ဦးတင်မြင့်အောင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ထို့နောက် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးသည်။ ယင်းသင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား ၂၁ ဦးနှင့် သင်တန်းသူ သုံးဦး တက်ရောက်လျက်ရှိသည်။

သတင်း – ကိုညီလေး
ဓာတ်ပုံ – MFF

# ဒိုက်ဦးမြို့နယ် သမဝါယမအသင်းစုလီမိတက်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ဒိုက်ဦး နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက် ဘဏ္ဍာနှစ်တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အဆိုပါအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အစည်းအဝေးသို့ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်အဖွဲ့ဝင်များနှင့် အခြေခံသမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ထို့နောက် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိုးငြိမ်းနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွဋ်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစုမှ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်မင်းက အမှုဆောင် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား ဖတ်ကြားရှင်းလင်း၍ အတည်ပြုချက်ရယူဆောင်ရွက်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် တက်ရောက်လာသောကိုယ်စားလှယ်များအား ထောက်ပံ့စရိတ်များချီးမြှင့်ပေးခြင်းနှင့် အစုပေါ်အမြတ်ငွေကျပ် ၂၉ သိန်းအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

## ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၀၅ | ၂၀၀၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၀ | ၂၀၈၅ | ၂၁၀၀ | ၂၀၀၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၂၆၅ | ၂၉၂၀ |
| 95 Ron | ၂၀၃၀ | ၂၀၇၅ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၈၀ | ၂၀၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၀၆၅ | ၂၀၈၀ | ၂၁၁၀ | ၂၁၁၀ | ၂၁၁၀ | ၂၃၃၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၃၅ | ၂၃၈၅ | ၂၃၈၀ | ၂၃၄၅ | ၂၃၈၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၇၀ | ၂၄၈၅ | ၂၄၈၀ | ၂၃၇၅ | ၂၃၈၅ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၀ | ၂၆၄၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၁၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၄၉၅ | ၂၇၁၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၄၁၅ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၄၉၅ | ၂၇၁၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၃ | ၁၉၃၄ |
| 95 Ron | ၁၉၂၉ | ၂၀၀၁ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၃၀၂ | ၂၃၇၈ |
| HSD (10 ppm) | ၂၃၀၂ | ၂၃၇၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အလုပ်သမားရေးရာ ဥပဒေပညာပေး ဆွေးနွေးပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ Dong Long အထည်ချုပ်စက်ရုံနှင့် Hakers Enterprise (Myanmar)Co.,Ltd အထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများအား အလုပ်သမားရေးရာ ဥပဒေအသိပညာပေးဆွေးနွေးပွဲကို အဆိုပါစက်ရုံများ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်တင်က အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်ဆိုင်ရာ နစ်နာမှုများ၊ အငြင်းပွားမှုများရှိလာပါက စက်ရုံတွင်းရှိ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC)တွင်ကနဦးဆွေးနွေးညှိနှိုင်းရန်လိုအပ်ပါကြောင်း၊ အလုပ်ရှင်အနေဖြင့်လည်း အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်များဖြစ်သော ဥပဒေပါခံစားခွင့်များကို အပြည့်အဝပေးရန်လည်း လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။



အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားဆက်ဆံရေး ဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးများက အလုပ်သမားဥပဒေပါ အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ကြပြီး တက်ရောက်ကြသည့် အလုပ်သမားများက လူမှုဖူလုံရေးဦးစီးဌာနနှင့်ပတ်သက်၍ အကျိုးခံစားခွင့်များ အကြောင်းအရာများနှင့် စပ်လျဉ်း၍ မေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## ရွှေကျင်မြို့တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ကွင်းဆင်းကြီးကြပ်အားပေး

**ရွှေကျင် နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ ပူးပေါင်း၍ ယနေ့ မွန်းလွဲ ၃ နာရီက ကွင်းဆင်းကြီးကြပ်အားပေးမှုများ ဆောင်ရွက်သည်။



**ကွင်းဆင်းကြီးကြပ်**

ရွှေကျင်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ ပူးပေါင်း၍ တက္ကသိုလ်ဝင်တန်းရှိသော ကျောင်းများတွင် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား အချိန်ပိုခေါ်ယူသင်ကြားပေးနေမှုကို ကွင်းဆင်းကြီးကြပ်၍ အားပေးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်သည်။ အဆိုပါ အချိန်ပို ခေါ်ယူသင်ကြားပေးရာတွင် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား နံနက် ၄၅ မိနစ်တစ်ကြိမ်၊ ညနေ ၄၅ မိနစ်တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ် နေ့စဉ်ပုံမှန်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရမ်းဗြဲမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးစကားဝိုင်း ပြုလုပ်

**ရမ်းဗြဲ နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇာတ်ဟိုင်ဌာန ခန်းမ၌ ယနေ့နံနက် ၈ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ဦးစီးဌာနတို့ ပူးပေါင်းပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးစကားဝိုင်း ပြုလုပ်သည်။

ထိုသို့ အသိပညာပေး စကားဝိုင်းဆောင်ရွက်ရာတွင် ရမ်းဗြဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အောင်တင်ကြည်က ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ ရမ်းဗြဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးနေမှု အခြေအနေများကို မေးမြန်းသည်။ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးက မေးမြန်းချက်များအပေါ် ၂၀၁၉ ခုနှစ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေအရ အသက် ၁၈ နှစ် မပြည့်သေးသူများအား ကလေးသူငယ်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ကလေးအလုပ်သမားဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကလေးအလုပ်သမားများ ဥပဒေဆိုင်ရာများနှင့် မြို့နယ်အတွင်းရှိ ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပြီး ကော်မတီမှ ပြည်သူများ သိရှိနားလည်အောင် ဆောင်ရွက်ပေးနေမှုများကို အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။


**မြို့နယ်(ပြန်/ဆက်)**

## ဒက္ခိဏာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တနန္ဒာစရိယ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ အောင်ချမ်းသာရပ်ကွက် ဒက္ခိဏာရုံကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တနန္ဒာစရိယ (အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၆ ရက် (၂၈-၁၁-၂၀၂၂) တနင်္လာနေ့ ည ၉ နာရီ ၂၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် အောင်ချမ်းသာရပ်ကွက် ဒက္ခိဏာရုံကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒာစရိယ (အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လွယ်ဟွမ်ကျေးရွာတွင် ခမည်းတော်ဦးအိုက်ပွဲ+မယ်တော် ဒေါ်အမ်တီတို့မှ ၁၂၉၃ ခုနှစ် တော်သလင်းလဆန်း ၁၅ ရက် စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၆ ခုနှစ် နယုန်လဆန်း ၁၅ ရက် တနင်္လာနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လွယ်ဟွမ်ကျောင်းဆရာတော် ဘဒ္ဒန္တသုဇေယျကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၃ ခုနှစ် နယုန်လဆန်း ၅ ရက် စနေနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လွယ်ဟွမ်ကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တသုဇေယျ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် လွယ်ဟွမ်ကျောင်း ဆရာတော်ဘဒ္ဒန္တသုဇေယျ၊ နမ့်ခမ်းမြို့နယ် အောက်ပန်ယုတ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသ၊ မန္တလေးမြို့ ပျော်ဘွယ်အုဋ္ဌ်ကျောင်းဆရာတော် ဘဒ္ဒန္တမာဃိန္ဒ၊ လားရှိုးမြို့ မြို့လယ်ကျောင်း ဆရာတော်ဘဒ္ဒန္တကဝိန္ဒာစာရ၊ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန၊ ကျောက်ဆည်မြို့ ဂိုဏ်းထောက်ကျောင်း ဆရာတော်ဘဒ္ဒန္တသံဝရ စသည့်ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မိုင်းဝီးဂွင်၌ ဂိုဏ်းအုပ်ဆရာတော်အဖြစ်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဖြစ်လည်းကောင်း၊ ပြည်နယ်သံဃနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်အဖြစ်လည်းကောင်း၊ နမ့်ခမ်းမြို့နယ် တအာင်း(ပလောင်) သာသနာတော်ထွန်းကားပြန့်ပွားရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ မြို့နယ်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၇၉ ခုနှစ်တွင် **“အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၆ ရက် (၂၈-၁၁-၂၀၂၂) တနင်္လာနေ့ ည ၉ နာရီ ၂၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် နိုဝင်ဘာ ၂၉**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ဖြူလိုက်စမ်းပါ မရောစေနဲ့

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ



(၁၆-၁၁-၂၀၂၂ ရက်နေ့မှအဆက်)

"ဟုတ်တယ်နော်ဘုရား၊ တကယ်ဉာဏ်အစစ်သာဆိုရင် သူ့ဘယ်မှာ အော်ပွဲမလဲ၊ အဲ ဒါပေမဲ့ သူက တရားထိုင်တုန်းကတော့ သတိက တအားပဲ ကောင်းပါတယ်ဘုရား"

"သြော်.. လာပြန်ပါသေးတယ်၊ ဒကာမကြီးက ပြောလေကဲလေ ဆိုသလိုပါပဲလား၊ ဉာဏ်နဲ့ ပတ်သက်ပြီး ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ကြီးက မိန့်လို့ မှတ်သားထားဖူးပါတယ်"

"အမိန့်ရှိပါဦးဘုရား"

"ဝိပဿနာဉာဏ်ဆိုတာ ကိုယ်ပိုင်ဉာဏ်ရှိဖို့က အရေးကြီးတယ်၊ သူများပေးတဲ့ဉာဏ်က အားမကိုးလောက်ဘူး၊ သူများပေးလို့လည်း အဲဒီဉာဏ်က ကိုယ်ပိုင်ဉာဏ်ဖြစ်မလာဘူး... တဲ့"

"ဟုတ်လိုက်တာဘုရား၊ ပညာရှိဆရာတော်ကြီးတွေရဲ့ စကားတွေက တယ်ပြီးလည်းမှန်တယ်၊ တယ်ပြီးတော့လည်း တန်ဖိုးရှိတာပါကလားဘုရား"

"ဒါပေါ့၊ ဒါပေါ့"

"ဉာဏ်ကိုတော့ဆရာတော်ကြီးက မိန့်တယ်ဆိုရင် သတိကိုရော ဘယ်လိုများ မိန့်ပါသေးသလဲဘုရား"

"ဆရာတော်ကြီးကတော့ သတိအမြဲထားနိုင်ဖို့၊ သတိအမြဲရှိဖို့၊ အချိန်တိုင်း သတိအလွတ်မခံဖို့၊ မိမိရဲ့ စိတ်ကို သတိနဲ့အမြဲတွဲထားဖို့ ဆုံးမတာပါပဲ"

"ဒါဆိုရင်လည်းဘုရား၊ အခုတပည့်တော်မရဲ့ ဓမ္မမိတ်ဆွေ ဒေါ်ကြည်ဆိုတာကလည်း သတိတရားကောင်းတယ်ဘုရား၊ သတိလည်း အမြဲရှိနေတယ်ဘုရား၊ ဘေးက ဓမ္မမိတ်ဆွေတွေကဆိုရင် သူ့ကိုတော့ အမြဲချီးမွမ်းကြပါတယ်ဘုရား"

"သြော်... ခက်ပြီပဲကဲ.. ဒကာမကြီး ဒီလိုဆိုရင် ဓမ္မမိတ်ဆွေ ဒေါ်ကြည်ဟာ အခုလို နေမကောင်းလို့ အော်ဟစ်ညည်းတွားနေတယ်ဆိုတော့ ဘယ်လိုပြောမလဲ"

"အဲဒါသိချင်လို့ပဲ မေးမလို့ပါဘုရား၊ တရားတကယ်အားထုတ်နိုင်လျက်သားနဲ့ ဘာဖြစ်လို့ အဲဒီလို ညည်းရ၊ အော်ရတာလဲဆိုတာ သိချင်ပါတယ်ဘုရား၊ အရှင်ဘုရားပဲ မိန့်ကြားပေးပါဘုရား"

"ကဲ. . ကဲ ဒီလိုသာဆိုရင် သတိကို ပြောပေးပါမယ်။ ဘုရားရှင်ကိုယ်တော်တိုင်က သတိထားတာနဲ့ သတိရှိတာကို ခွဲပြီး ဟောတော်မူခဲ့ပါတယ်"

"သတိထားတာနဲ့ သတိရှိတာ အတူတူပဲ မဟုတ်လားဘုရား"

"ကဲပါဒကာမကြီးရယ်၊ အေးအေးဆေးဆေးပဲ နားထောင်ပါဦး၊ နှစ်မျိုးခွဲပြီး ဟောခဲ့ပါတယ်ဆိုတာတောင် သံသယနဲ့ မေးနေသေးတယ်"

"တပည့်တော်တို့က မကြားဖူးလို့ပါဘုရား"

"သတိ ပရိမုခံ ဥပဋ္ဌပေတွာ တဲ့၊ နောက်ပြီး အာတာပီ သမ္ပဇာနော သတိမာ. . . တဲ့"

"အဲဒါက ပါဠိတွေပဲဘုရား၊ တပည့်တော်တို့မှ မသိတာ"

"အင်း.. ဒကာမကြီးနဲ့ ပြောရဆိုရတာတော့ သည်းခံတဲ့စိတ်တွေပဲ တိုးလာမလား၊ ဒါမှမဟုတ် သည်းခံတတ်တာတွေပဲ ပျောက်ကုန်မလားတော့ မသိဘူး၊ ကဲ .. ကဲ၊ နားလည်အောင် ရှင်းပြပေးပါမယ်"

"အာနာပါနပဗ္ဗ၊ ထွက်လေဝင်လေ ကမ္မဋ္ဌာန်းမှာ သမထအတွက်ဆိုရင် သတိကို အာရုံသို့ရှေးရှုဖြစ်စေလျက်(သတိကိုအာရုံထဲမှာ ထားလျက်)ဆိုတဲ့ သဘောကို ညွှန်းတော်မူပါတယ်"

"နောက် အာနာပါနမှာပဲဖြစ်ဖြစ်၊ ကာယာနုပဿနာ တစ်ခုလုံးမှာပဲဖြစ်ဖြစ်၊ သတိပဋ္ဌာန်လေးပါးမှာပဲဖြစ်ဖြစ် အာတာပီ သမ္ပဇာနော သတိမာ" လို့ မိန့်ပါတယ်၊ ဝိပဿနာအတွက်ဆိုရင် ဒီစကားက ပိုပြီးအရေးကြီးပါတယ်"

"ကိလေသာကို ပူလောင်စေတတ်သော လုံ့လ ဝီရိယရှိသည်ဖြစ်၍၊ အသိဉာဏ်ပညာရှိ၍၊ သတိရှိ၍ လို့ ဒီလိုဆိုပါတယ်။ ဝိပဿနာအရာမှာ သတိထားဖို့ထက် သတိရှိဖို့က အဓိကပါ၊ အာရုံတွေနဲ့ ဆုံတိုင်း ဆုံတိုင်း ယောဂီရဲ့ စိတ်မှာ ဝီရိယရှိဖို့၊ ဉာဏ်ရှိဖို့၊ သတိရှိဖို့ ကြိုးစားရမှာပါ။ ဒီ သတိ၊ ဝီရိယ၊ ဉာဏ်တွေ ရှိနေရင် စိတ်ကောင်းဖြစ်နေပြီ"

"ဒီ စိတ်ကောင်းဖြစ်နေမှလည်း စိတ်ကို ဆိုးအောင် နှောင့်ယှက်ဖျက်ဆီးတတ်တဲ့ အဘိဇ္ဈာ ဒေါမနဿဆိုတဲ့ လောဘ ဒေါသအဖွဲ့တွေ မဝင်နိုင်၊ မကပ်နိုင်ဖြစ်ပြီး နောက်ဆုံး အကုန်လုံး သေသွားနိုင်ပါတယ်"

"ဒကာမကြီး နားလည်အောင်ပြောရရင် ပစ္စည်းတစ်ခုကို စားပွဲအောက်မှာတွေ့နေရင်၊ ရှိနေရင် ထားစရာလိုဦးမလား"

"ရှိရင်တော့ထားစရာမလိုပါဘူး၊ မရှိရင်တော့ ထားရမှာပေါ့ဘုရား"

"အောင်မယ် ဒကာမကြီးက ဘယ်ဆိုးလို့လဲ၊ ပြောတတ် ဆိုတတ်တော့ ရှိသားပါလား"

"ဒီလိုဥပမာနဲ့ဆိုရင်တော့ သိပါတယ်ဘုရား၊

အခုဆိုရင် တပည့်တော်မရဲ့ ဓမ္မမိတ်ဆွေက သတိရှိတာ မဟုတ်သေးဘဲ၊ သတိထားနိုင်ရုံလောက်ပဲ ရှိတာပေါ့နော်၊ ဟုတ်သလားဘုရား"

"အမယ်... ဒကာမကြီးက သဘောပေါက်လွယ်သားပဲ"

"ဟာ. . အဲဒါဆိုရင် တပည့်တော်တို့က ကိုယ့်ကိုယ်ကိုယ်တရားအားထုတ်နေတာ သတိထားတဲ့နည်းလား သတိရှိတဲ့နည်းလား ဆိုတာကိုတောင် သေချာမသိသေးပါလားဘုရား"

"အဲဒါပြောတာပေါ့ဒကာမကြီး၊ သတိအလုပ်လုပ်ကြတဲ့ သူတွေဟာ သတိနဲ့ပတ်သက်ပြီးတော့ ဒီလောက်လေးတော့ သိဖို့ကောင်းတာပေါ့"

"ဟုတ်ပါတယ်ဘုရား၊ သိဖို့ကောင်းပါတယ်၊ ဆက်ပြီး မိန့်ပါဦးဘုရား"

"သတိကောင်းတာက နှစ်မျိုးရှိတယ်၊ မှတ်သားနိုင်တဲ့ အားကောင်းလို့ သတိအားကောင်းတာရယ်၊ သဘောပေါက်လို့၊ နားလည်လို့ သတိအားကောင်းတာရယ်လို့ နှစ်မျိုးရှိတာပေါ့"

"မှန်လှပါဘုရား"

"မှတ်အား၊ မှတ်သားနိုင်တဲ့ အားကောင်းလို့ သတိအားကောင်းတာက မမှတ်နိုင်တော့တဲ့အချိန်၊ မှတ်သားမှုအားတွေ လျော့လာတဲ့အချိန်ကျတော့ အကုန်လုံးမေ့ကုန်ရော၊ ဆေးရုံပေါ်မှာတို့၊ သေကောင်ပေါင်းလဲအချိန်တို့ဆိုရင် သတိလွတ်ကုန်တော့တာပေါ့"

"မှတ်နိုင်တုန်း မမေ့တဲ့သတိနဲ့၊ ဘယ်တော့မှ မမေ့တဲ့သတိလို့ နှစ်မျိုးပေါ့"

"ဘယ်တော့မှ မမေ့တော့တဲ့ သတိဖြစ်ရင် ပိုကောင်းမှာပေါ့ဘုရား"

"ပိုကောင်းတာပေါ့၊ မှတ်နိုင်တုန်းသတိက သညာမှတ်သားမှုရဲ့ ခိုင်မြဲတဲ့အားပေါ် မူတည်တာ၊ ထိရသညာ ပဒဋ္ဌာနာတဲ့။ မမေ့တော့တဲ့သတိက ပညာဉာဏ်အပေါ်၊ သတိ ဝီရိယ ပညာအပေါ် မူတည်တာ၊ ကာယာဒီသတိ ပဋ္ဌာနာ ပဒဋ္ဌာန ...တဲ့"

"မှတ်သားမှုကြောင့် ဖြစ်ပေါ်လာတဲ့သတိက မှတ်သားမှုမှားရင် သတိလည်းအလွဲ၊ မိစ္ဆာသတိဖြစ်သွားနိုင်တယ်။ မှတ်သားမှုမှန်ရင် သတိလည်းအမှန်၊ သမ္မာသတိဖြစ်နိုင်တယ်။

ဒါကြောင့် ရှေးရှေးဆရာတော်ကြီးတွေက မှတ်သားမှုမလွဲအောင်၊ သမ္မာသတိဖြစ်အောင် နည်းအမျိုးမျိုးနဲ့ ညွှန်ပြတော်မူကြပါတယ်"

"အရှင်ဘုရားပြောတာတွေက တော်တော်လေးတော့ နားထောင်လို့ကောင်းပါတယ်။ ဗဟုသုတလည်း ရှိပါတယ်။ ဒါပေမဲ့ ချက်ချင်းတော့ သဘောမပေါက်ပါဘုရား"

"ချက်ချင်းသဘောပေါက်ဖို့တော့ သိပ်မလွယ်ဖြစ်တတ်ပါတယ်။ ထပ်ကာထပ်ကာပြော၊ နာကြား၊ မှတ်သား၊ နောက် စဉ်းစား၊ စဉ်းစားဉာဏ်ပေါ်လာပြီးရင် သဘောပေါက်တဲ့ဉာဏ် ပေါ်လာပါလိမ့်မယ်"

"ဒကာမကြီးက သတိထားတာနဲ့ သတိရှိတာတော့ သဘောပေါက်သွားပြီလား"

"ပေါက်သွားပါပြီဘုရား"

"မေ့နိုင်သေးလား"

"မမေ့နိုင်တော့ပါဘုရား"

"အဲဒီလို မမေ့နိုင်တော့တဲ့သတိ၊ သဘောပေါက်မှုဖြစ်ဖို့ အရေးကြီးပါတယ်။ တကယ်ဟုတ်၊ မဟုတ်တော့ ဒကာမကြီးပဲ အသိဆုံးဖြစ်မှာပါ"

"အခု ဒကာမကြီးရဲ့ ဓမ္မမိတ်ဆွေကြီးဟာ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာတွေရဲ့ သဘောတွေကို ဖြစ်မှု၊ ပျက်မှု၊ ချုပ်ဆုံးကွယ်ပျောက်မှုဆိုတဲ့ သဘောတွေကို မှတ်နိုင်အားကြောင့် ကောင်းတဲ့သတိပဲဖြစ်ပြီး မမေ့တော့တဲ့သတိရှိဖို့ လိုနေတာဖြစ်ပါလိမ့်မယ်"

"တပည့်တော် သဘောပေါက်ပါပြီဘုရား"

"သဘောပေါက်တယ်ဆိုရင် တရားအားထုတ်တဲ့အခါ ကိုယ်ပိုင် သတိ ဝီရိယ ဉာဏ်တွေရှိဖို့၊ အစစ်အမှန် သတိရှိဖို့ကို ကြိုးစားစေချင်ပါတယ်"

"အကောင်းဆိုရင်လည်း ကောင်းလိုက်စမ်းပါ။ အဆိုးတွေ နည်းနည်းတောင် မရောပါစေနဲ့"

"အဖြူဆိုရင်လည်း ဖြူလိုက်စမ်းပါ၊ အနက်တွေ နည်းနည်းလေးတောင်မှ မရောပါစေနဲ့"

"သညာက ကူညီတဲ့ မေ့နိုင်သေးတဲ့ သတိကိုလည်း လွန်မြောက်ပြီးတော့ ပညာဉာဏ်က ထောက်ပံ့ကူညီတဲ့ မမေ့တတ်တော့တဲ့ သတိ ရှိလာပါစေ"

"ကြိုးစားအားထုတ်ပါမယ်ဘုရား"။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၁၇)

ဦးမင်းဟန်(ဘီအေ)

"ကိုဦးရာ မင်းစဉ်းစားကြည့်လေ။ ဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလား ဆိုတာ"

မောင်ထူးစကားကြောင့် ကိုဦးက ဘာပြန်ပြောရမည်မသိဖြစ်နေစဉ် ပူစူးမက ဝင်ပြောလိုက်သည်။

"မောင်ထူးရယ် ပြောမနေပါနဲ့တော့ဟာ၊ ဒီကိစ္စငြင်းခုံနေရတာကိုက လွန်လွန်းနေပါပြီ။ အချိန်လည်း ကုန်ပါတယ်။ နော်ကိုဦး"

"ဟုတ်ပါတယ် မောင်ထူးရာ။ ရှိပါစေတော့၊ ပြောနေလည်းအပိုပါပဲ"

"ငါကတော့ ဒီအတိုင်းထားလို့မဖြစ်ဘူး။ ဆရာမကိုပြောပြီး အမှန်တရားကို ဖော်ထုတ်ရမှာပဲ။ နို့မဟုတ်ရင် ဒီကောင်တွေက အမှားကို အမှန်ထင်နေမှာ"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး အပြန်အလှန်ပြောနေကြသည့် စကားများကို ဘိုးလေးကြွက်က နားစွင့်လျက်ရှိသည်။ ပြီးမှ ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"မောင်ထူးတို့ ဘာတွေများ အငြင်းပွားစရာရှိနေလို့လဲ"

"ဟုတ်ကဲ့ဘိုးလေး။ ကျောင်းမှာ ဖြစ်ခဲ့တာတွေပါ ဘိုးလေးရာ။ ဘိုးလေးကို မေးရမယ့်အကြောင်းတွေပါပဲ"

"ဟေ ဟုတ်လား။ မေးစရာရှိရင် မေးလေကွယ်"

မောင်ထူး၏စကားကို ဘိုးလေးကြွက်က လမ်းဖွင့်ပေးလိုက်သည်။

"ဒီလိုပါဘိုးလေး။ အတန်းထဲက အေးဖေတို့ပေါ့ သောက်လက်စကျန်တဲ့ ရေတွေကို သောက်ရေအိုးအဖုံးပေါ်ကို မသွန်ရဘူးလို့ပြောတာ ပြောမရလို့၊ အငြင်းပွားရတာပါ။ အောက်ကို သွန်ချပြန်ရင်လည်း ရေအိုးစင်ရှေ့မှာ ရေတွေရွှံပြီးချော်လဲမှာလည်း စိုးရိမ်ရသေးတယ်။ ခုလို အဖုံးပန်းကန်ထဲ သွန်ထည့်လိုက်တော့လည်း လက်ကျန်ရေတွေက အိုးထဲကို ပြန်ဝင်နိုင်တယ်လေ"

"ဒါလည်းဟုတ်တယ်။ သောက်လက်စရေတွေကို ဘေးလွတ်ရာမှာ သွန်ပစ်ရမှာပေါ့"

"အဲဒါပြောတာပေါ့ ဘိုးလေးရယ်။ အဲဒီကိစ္စအငြင်းပွားရတာပါ။ ပြောလေဆိုးလေဖြစ်နေလို့၊ အတန်းပိုင်ဆရာမကို တိုင်လိုက်မယ်ဆိုတာကို ကိုဦးနဲ့ ပူစူးမတို့က မတိုင်ဖို့နားချနေကြလို့လေ"

မောင်ထူး၏စကားကြောင့် ပူစူးမက မျက်လုံးပြူးကာကြည့်နေသည်။ မောင်ထူးကတော့ စကားကို ဆက်ပြောနေသည်။

"အဲဒါပဲ ဘိုးလေး။ မြေးက အဲဒီအကြောင်းကို အတန်းပိုင်ဆရာမဆီတိုင်ချင်နေတာ"

"မောင်ထူးရယ် မတိုင်ဘဲနဲ့ရော ဖြေရှင်းလို့မရနိုင်ဘူးလား။ စဉ်းစားကြည့်ပါဦးကွာ။ ဒါက နားလည်မှုလွဲနေတာပါ။ တစ်ဦးနဲ့တစ်ဦး နားလည်သွားကြရင် ဘာမှမဖြစ်လောက်ပါဘူး။ နားလည်မှု မရှိရင်တော့ ဆရာမကြီး ရုံးခန်းအထိရောက်နိုင်တာပေါ့။ စိတ်အေးအေးထားပြီး ဆုံးဖြတ်ရင် အဆင်ပြေသွားမှာပါ"

"ဟုတ်ပါတယ်ဘိုးလေး"

ဘိုးလေးကြွက်၏စကားကို ပူစူးမက ထောက်ခံလိုက်ရာ မောင်ထူးက မကျေမချမ်းဖြင့် ပူစူးမကိုကြည့်လိုက်သည်။

"မြေးတို့ကို ဘိုးလေးတစ်ခုပြောချင်တယ်။ တချို့အရာတွေကတော့ အငြင်းအခုံပြုရာမှာ အငြင်းမသန်ရဘူးကွယ့်။ တစ်ဖက်ကပြောလိုတဲ့ ဆန္ဒနဲ့ ပြောလိုမှုကိုလည်း နားထောင်ကြည့်ရမယ်။ ဒါမှ တစ်ဖက်နဲ့တစ်ဖက် မျှတမှုရှိမယ်။ ပြေလည်မှုရှိမယ်။ ဖြစ်လိုတဲ့ဆန္ဒကိုချည်း ရှေ့တန်းမတင်ရဘူး။ မြေးတို့ပြောတာတွေ၊ မြေးတို့ ငြင်းခုံတဲ့ကိစ္စတွေဟာ မှန်ကန်ကောင်း မှန်ကန်နေပေမယ့် ဇွတ်တရွတ်မပြောရဘူး။ ငါမှန်တာပဲဆိုပြီးလည်း တင်းခံထားလို့မရဘူး။ တစ်ဖက်က ဘာကြောင့်ငြင်းနေရတာလဲ။ တကယ်ကိုမသိဘဲ ပေကပ်ငြင်းခုံနေတာလား ကြည့်ရမယ်။ အဲ တကယ်မသိဘဲ ငြင်းနေတာဆိုရင်တော့ နားဝင်အောင် တစ်ထစ်လျှော့ပေးသင့်ပေးရမယ်"

"ဟုတ်ကဲ့ ဘိုးလေး။ မှတ်သားထားပါ့မယ်"

လျှော့ပေးတယ်ဆိုတာ ငြင်းခုံတဲ့ကိစ္စအတွက် အရှုံးပေးတာ မဟုတ်ဘူးနော်။ သူက တကယ်ကို မသိလို့အလျှော့ပေးပြီး နားဝင်အောင် အမှန်ကို သိမြင်လက်ခံနိုင်အောင် စည်းရုံးလိုက်တာ။ သိမ်းသွင်းလိုက်တာပဲ"

"အဲဒါဆိုရင် မြေးကလျှော့ပေးလိုက်လို့ သူတို့က ပိုတိုးလာရင်ရော ဘိုးလေး"

"အဲဒီလိုဆိုရင်တော့ မှန်ကန်ကြောင်းသက်သေပြရတော့မှာပေါ့။ ဒီလိုလုပ်ရင် ဒီလိုဖြစ်တဲ့အကြောင်း လက်တွေ့ပြသရမယ်။ လက်တွေ့ပြသနိုင်အောင်လည်း လုပ်ဆောင်ရမှာပေါ့။ ဆရာမကို တိုင်လိုက်ရင် အဆောတလျင်ပြီးမယ်ဆိုပေမယ့် မြေးကို တစ်ဖက်သားက အမြင်မကြည်လင်တော့တဲ့အထိဖြစ်နိုင်တယ်။ စည်းလုံးမှု မရနိုင်တော့ဘူးပေါ့"

"ဟုတ်ကဲ့ပါဘိုးလေး မှတ်သားထားပါ့မယ်"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦး၏ သံပြိုင်အသံများက ညီညာစွာ ထွက်ပေါ်လာရာ ဘိုးလေးကြွက်က သာခုသုံးကြိမ် ခေါ်ဆိုလိုက်လေတော့သည်။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**(၁၆-၁၁-၂၀၂၂ ရက်နေ့မှအဆက်)**

မဏိမေခလာနတ်သမီးသည် မင်းသား၏ စိတ်ဓာတ်ကို သဘောကျသွားသည်။ ဇနက မင်းသားသည် ဘုရားအလောင်းတော်လည်းဖြစ်နေပေရာ ဤသို့သောပုဂ္ဂိုလ်မျိုးသည် အကြောင်းမဲ့ မဆုံးရှုံးသင့်ဟုတွေးလျက် ပင်လယ်ထဲမှ ဆယ်တင်လိုက်သည်။ ဇနကမင်းသားသည်လည်း ခုနစ်ရက်တိုင်တိုင် ပင်လယ်ပြင်တွင် ကူးခပ်ခဲ့ရသဖြင့် မောပန်းနွမ်းနယ်နေပြီး နတ်သမီး၏ရင်ခွင်သို့ ရောက်သည်နှင့် မိခင်၏မေတ္တာရင်ငွေ့အရသာကို ခံစားရရှိပြီး နတ်သမီးရင်ခွင်၌ အိပ်ပျော်သွားလေတော့သည်။ ထို့နောက် မင်းသားရောက်လိုသော မိတ္ထီလာမြို့ ဥယျာဉ်ထဲရှိ ကျောက်ဖျာထက်တွင် မင်းသားအား တင်ထားလိုက်လေသည်။

"ဖုသရထား ဆိုက်ရောက်ပြီဆိုတော့ ကျောက်ဖျာထက်မှာ စက်တော်ခေါ်နေသူဟာ မင်းလောင်းပဲပေါ့။ ရုပ်ဆင်းအင်္ဂါနဲ့လည်း ပြည့်စုံပါပေတယ်။ မင်းအဖြစ်ကို လက်ခံတော်မူပါတော့"

ဇနကမင်းသားကလက်ခံသဖြင့် ကျောက်ဖျာထက်၌ပင် မှူးမတ်များက ဘိသိက်သွန်းလိုက်ပြီး နန်းတော်သို့ ပင့်ဆောင်သွားကြတော့သည်။

"မင်းသမီးက အမြန်ကြွလာဖို့ အခေါ်လွှတ်လိုက်ကြောင်းပါ"

နန်းတော်အတွင်းသို့ မင်းသားရောက်ပြီဟု သိသည့်အခါ သီဝလိဒေဝီမင်းသမီးက မင်းချင်းတစ်ယောက်ကို စေခိုင်းလိုက်ရာ မင်းချင်းက မင်းသားအား လျှောက်တင်လိုက်ခြင်းဖြစ်သည်။ ထိုသို့စေခိုင်းမှုအား မင်းသားက မဆင်မခြင် ကြွလာမည်ဆိုပါက ထိုသူသည် အစိုးရသူမဖြစ်နိုင်ဟုမင်းသမီးကယူဆကာစေခိုင်းလိုက်ခြင်းဖြစ်သည်။ မင်းချင်းကလျှောက်ထားသော်လည်း မင်းသားက မသိဟန်ပြုကာ မှူးမတ်များနှင့် စကားဆိုနေသည်။ နန်းတော်ကို ကြည့်လျက် ချီးမွမ်းနေသည်။ မင်းချင်းက ထိုအကြောင်းကို သံတော်ဦးပြန်တင်ရာ သီဝလိဒေဝီသည် မင်းသားအား အစိုးရသူဖြစ်လေပြီဟု ယုံကြည်ကာ နှစ်သက်သဘောကျသဖြင့် ကိုယ်တိုင်ပင် ထွက်ကြိုလိုက်တော့သည်။

"ရှေ့ရှေ့ နှမတော်"

မင်းသားသည် ဦးသျှောင်ကို ချွတ်လျက် မင်းသမီးလက်သို့အပ်လိုက်သည်။ မင်း၏တန်ဆာဖြစ်သော ဦးသျှောင်ကို မြင့်မြတ်သည့်နေရာတွင်သာ ထားရမည်ဟုတွက်လျက် မင်းသမီးလက်သို့ အပ်လေရာ မင်းသမီးက ဦးသျှောင်ကို ခေါင်းရင်းအရပ်၌ ထားသဖြင့် ပလ္လင်ခေါင်းရင်းကို မင်းသားက သိသွားလေသည်။ ပေါလဇနကမင်းကြီး နတ်ရွာမစံမီ ဤထီးနန်းဆက်ခံသူသည် သမီးတော်နှစ်သက်သူဖြစ်ရမည်။ ပလ္လင်ခေါင်းရင်းသိသူဖြစ်ရမည်။ ဗိုလ်ခြေတစ်ထောင်တင်နိုင်သော လေးကိုတင်နိုင်ရမည်။ ရွှေအိုးကြီး ၁၆ လုံးကို ဖော်နိုင်သူဖြစ်ရမည်ဟု မှာကြားခဲ့လေရာ ဇနကမင်းသားအား မင်းသမီးအနေဖြင့် ပထမအချက်ဖြစ်သောနှစ်သက်မှုဆိုသည်ကို ရရှိခဲ့ပြီးဖြစ်သည်။ ထို့နောက် ပလ္လင်ခေါင်းရင်းလည်း သိသူဖြစ်ပြီး တတိယပြဿနာဖြစ်သော လေးကိုလည်း အလွယ်တကူတင်နိုင်သွားသည်။ နောက်ဆုံးပြဿနာဖြစ်သည့် ရွှေအိုးကြီးများဖော်ထုတ်ရန်သာ ကျန်တော့သည်။

"အရှင့်သား ရွှေအိုးကြီး ၁၆ လုံးကို ခမည်းတော်က မြှုပ်နှံထားပါတယ်။ ဒါကို တူးဖော်ယူနိုင်စွမ်းသူသာလျှင် ဒီနန်းနဲ့ ထိုက်တန်သူဖြစ်ပါတယ်။ ဒါကြောင့် ဖော်ထုတ်နိုင်ရန်အရပ်အနေဖြင့် ဖော်ပြပါမယ်။ ရွှေအိုးကြီး ၁၆ လုံးအနက် နေထွက်ရာအရပ်မှာ တစ်လုံးရှိပါတယ်"

"ဒါဆိုရင် ပစ္စေကဗုဒ္ဓါ ကြွလာတဲ့အခါ မင်းကြီးက ဘယ်နေရာက ထွက်ကြိုသလဲ။ ဒီအရပ်မှာ တူးယူပါ"

မင်းသားပြောသည့်အရပ်မှာ တူးဖော်ကြည့်ရာ အမှန်ပင် ရွှေအိုးကြီးတစ်လုံးရသည်။ သီဝလိ ဒေဝီသည် မင်းသား၏ ဉာဏ်ရည်ကို ချီးကျူးလိုက်သည်။ ဤသို့ဖြင့် ရွှေအိုးကြီး တစ်ဆယ့်ခြောက်လုံးမြှုပ်နှံထားရာ အရပ်တို့ကို အလွယ်တကူအတိအကျ ညွှန်ပြ တူးဖော်ယူနိုင်သဖြင့် သီဝလိဒေဝီမင်းသမီးနှင့်တကွ အမှူးအမတ်များက ချီးမွမ်းကြသည်။ အံ့သြလောက်အောင် ပညာစွမ်းရည်နှင့် ပြည့်စုံပါပေသည်။ နှလုံးရည်နှင့် လက်ရုံးရည် ပြည့်စုံပါပေသည်တကားဟု ဝမ်းမြောက်ဝမ်းသာ ချီးကျူးကြလေသည်။

ဇနကမင်းသားသည် ရွှေအိုးကြီးများ တူးဖော်ရရှိပြီး ကြီးစွာသောအလှူကိုပေးလေသည်။ သူ၏ ရည်မှန်းချက် ထမြောက်အောင်မြင်သည်ဖြစ်၍ မယ်တော်ကြီးနှင့်တကွ သားအမိနှစ်ဦးကို စောင့်ရှောက်ပေးခဲ့သူ ဒိသာပါမောက္ခဆရာကြီးအား နန်းတော်သို့ ခေါ်ဆောင်ကာ စောင့်ရှောက်ပြုစုလေတော့သည်။

"အရှင့်ဇနကမင်းကြီးရဲ့ သားတော်ဆိုပဲ"

"ဘုန်းကံကြီးတဲ့ယောက်ျားမို့လည်း အနှောင့်အယှက်မရှိဘဲ ထီးနန်းကိုစိုးစံခွင့်ရရှိတာပေပဲ"

မိတ္ထီလာပြည်သူများက သူတို့၏ကျေးဇူးရှင်မင်းကြီးသားတော် ဇနကမင်းသားထီးနန်းရသည်ဆိုသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြလျက် လက်ဆောင်ပဏ္ဏာများ ဆောင်ယူလာကာ ဝမ်းမြောက်စကားဆိုခဲ့ကြသည်များကို ပြန်လည်အောက်မေ့သတိရကာ သတိသံဝေဂလည်းရရှိလိုက်သည်။

ထို့နောက် မဟာဇနကမင်းကြီးအဖြစ် တိုင်းပြည်ကိုအေးချမ်းသာယာစွာဖြင့် ထီးနန်းစိုးစံ အုပ်ချုပ်တော်မူနေစဉ်မှာ ထီးနန်းဆက်ခံမည့် သားတော်ဒီဃာဝုမင်းသား မွေးဖွားသန့်စင်လာရာ သားတော်ကို အိမ်ရှေ့မင်းအရာ အပ်နှင်းလိုက်လေသည်။

တစ်နေ့တွင် မင်းကြီးသည် ဥယျာဉ်တော်သို့ ဆင်စီးလျက်ထွက်လာရာ ဥယျာဉ်တံခါးဝ၌ သရက်ပင်နှစ်ပင်ကို တွေ့သည်။ တစ်ပင်က အသီးများပြွတ်သိပ်နေအောင်သီးနေပြီး ကျန်တစ်ပင်ကဖြင့် အသီးမရှိချေ။ မင်းကြီးသည် ဆင်ထက်မှ သရက်သီးတစ်လုံးကို ဆွတ်ယူသုံးဆောင်ပြီး ဥယျာဉ်တော်သို့ ဝင်သည်။ နောက်ပါ ဗိုလ်လူအများသည် မင်းကြီးသုံးဆောင်ပြီးသည့်အတွက် သရက်သီးများကို သူ့ထက်ငါအလုအယက်ခူးကြရာ အသီးသာမက အရွက်အကိုင်းတို့ပင်လျှင် ပျက်စီးကုန်လေသည်။

"အလို အသီးနဲ့ပြည့်စုံတဲ့ သရက်ပင်ဟာ အသီးသာမက အခက်အလက်အကိုင်းတို့ပါ ပျက်ပြုန်းကုန်ပါပေါ့ကလား။ အသီးမရှိတဲ့ သရက်ပင်ကတော့ နှောင့်ယှက်သူမရှိ၊ ပကတိအတိုင်း စိုပြည်ဝေဆာနေလေရဲ့"

မင်းကြီးသည် ဥယျာဉ်တော်မှပြန်အထွက်တွင် သရက်ပင်အားသတိထားမိလိုက်သဖြင့် မြင်တွေ့လိုက်ရသည့် တစ်ခဏမှာပင် အတွေးတစ်ခုဝင်လာသည်။

"အင်း မင်းအဖြစ်ကား အသီးရှိတဲ့သရက်သီးနဲ့ တူပေစွ။ ရသေ့ရဟန်းအဖြစ်ကား အသီးမရှိတဲ့ သရက်ပင်နဲ့ တူလှပါပေတယ်"

မင်းကြီးသည် မင်းဘဝကိုရရှိချိန်၌ပင် တွေးတောဆင်ခြင်မိပြီး သံဝေဂစိတ်ဖြစ်ပေါ်လာသည်။ ထို့ကြောင့် တိုင်းရေးပြည်ရာတို့ကို အမှူးအမတ်များနှင့်လွှဲအပ်ပြီး တရားအားထုတ်ရန် ကြံစည်တော့သည်။

ထိုမှတစ်ဆင့် မဟာဇနကမင်းကြီးသည် ရသေ့ရဟန်းပြုလျက် လောကီစည်းစိမ်ကို စွန့်ခွာရန် အတွေးရသည်။ စည်းစိမ်ဥစ္စာရှိခြင်း၏အပြစ်၊ မရှိခြင်း၏အကျိုးတို့နှင့်ပတ်သက်၍ အသီးရှိသော သရက်ပင်နှင့် အသီးမရှိသော သရက်ပင်တို့ကို တွေ့ရစဉ်ရရှိလိုက်သည့်သံဝေဂကို ဆင်ခြင်လျက် ဖြစ်ပြန်ပျက်ပြန်လောကဓံကို ဆက်လက်ဆင်ခြင်ပွားများလျက်ရှိသည်။ နောက်ဆုံးမှာ မင်းကြီးသည် တရားဘာဝနာရှုမှတ်ပွားများကာ ထာဝရချမ်းသာစစ်ကို ရရှိမည့်ဘဝသို့ကူးပြောင်းရန် ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်ပြီး ဝတ္ထုကာမကို အပြီးတိုင်ပယ်သပ်လျက် တောရပ်မြိုင်အတွင်းသို့ လှမ်းဝင်သွားလေတော့သည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ

**ခြိုးခြံစွာသုံးစွဲရမယ်**

**တပေါ်စ။**

"အကုသိုလ်စိတ် မဖြစ်အောင် ခြိုးခြံစွာကျင့်ခြင်း၊ ခြိုးခြံစွာကျင့်ကြံသုံးစွဲရခြင်း၊ ခြိုးခြံစွာသုံးစွဲရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။

၃၈-ဖြာမင်္ဂလာကဗျာတွေရဲ့ နဝမမြောက်ကဗျာဖြစ်တဲ့ "ခြိုးခြံရေးမင်္ဂလာလေးပါး"ထဲက နံပါတ်တစ် မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေပေါ့ကွယ်။

ဟိုးရှေးရှေးတုန်းအခါက..။

အချိန်ကတော့ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်စိုးစံတဲ့ကာလက ပေါ့ကွယ်။

"ဒီလို ထမင်းမျိုးသာ စားရရင် သေပျော်ပါပြီ"

လယ်သူရင်းငှား ဆင်းရဲသားတစ်ယောက်က စားချင်စိတ်နဲ့ရေရွတ်ပြောဆိုလိုက်တာပေါ့။ ဘယ်လိုပဲ လုပ်ရလုပ်ရ စားရဖို့ကြံစည်ပြီး မိတ်ဆွေတွေနဲ့ တိုင်ပင်သတဲ့။

ဗာရာဏသီပြည်မှာ ဂန္ဓလို့အမည်တွင်တဲ့ သူဌေးကြီးတစ်ဦးရှိတယ်။ သူဌေးကြီးဟာ ခုနစ်ရက် တစ်ပတ်မှာ တစ်ကြိမ် ထမင်းစားပွဲသဘင်ပြုလုပ်လေ့ရှိတယ်။ စားသောက်တာကတော့ သူတစ်ယောက်




တည်းပါပဲ။

"စားသောက်စရာ တွေကလည်း ကောင်းမှ‌ပေ့ညွှန့်ပေ့ကြီးပါလား"

မြင်တွေ့ကြားသိရသူတိုင်းက အားကျအံ့သြကြတာပေါ့ကွယ်။ စားစရာတွေကို ကျကျနန ပြင်ဆင်ထားတယ်။ သူဌေးကြီး စားသောက်နေတာကိုလည်း မြို့သူမြို့သားနဲ့ ပြည်သူပြည်သားတွေကိုလည်း ကြည့်ရှုခွင့်ပြုထားသတဲ့။

တစ်နေ့မှာတော့ ဒီလိုကြီးကျယ်ခမ်းနားတဲ့ ထမင်းစားပွဲကို လယ်သူရင်းငှား ဆင်းရဲသားတစ်ယောက်က တွေ့သွားပြီး အလွန်စားချင်တဲ့စိတ်ဆန္ဒက ပြင်းပြလာတာပေါ့။

"ဒီလို ထမင်းမျိုးသာ စားရရင် သေပျော်ပါပြီ"

လယ်သူရင်းငှား ဆင်းရဲသားတစ်ယောက်က စားချင်စိတ်နဲ့ ရေရွတ်ပြောဆိုလိုက်တာပေါ့။ ဘယ်လိုပဲ လုပ်ရလုပ်ရ စားရဖို့ကြံစည်ပြီး မိတ်ဆွေတွေနဲ့ တိုင်ပင်တဲ့အခါ သူဌေးကြီးထံသွားရောက်ပြောဆိုဖို့ အကြံပေးကြလို့ သူရင်းငှားဆင်းရဲသားလည်း အရဲစွန့်ကာ သူဌေးကြီးထံသွားရောက်ကာ အကျိုးအကြောင်းပြောဆိုလိုက်သတဲ့။

"မောင်မင်း ငါလိုစားချင်ရင် ငါ့အိမ်မှာ သုံးနှစ်တိတိ ကျွန်ခံပြီး ခြိုးခြံစွာနေမှ စားရမယ်"

"မှန်လှပါ သူဌေးမင်းခင်ဗျာ၊ ကျွန်တော်မျိုး သဘောတူပါတယ်ခင်ဗျာ"

လယ်သူရင်းငှား ဆင်းရဲသားဟာ သူဌေးကြီး ဦးဂန္ဓအိမ်မှာ ကျွန်အဖြစ်နဲ့ သုံးနှစ်သုံးမိုး လုပ်ကိုင်လေတော့တယ်။ ဒီလိုနဲ့ သုံးနှစ်တင်းတင်းပြည့်တဲ့အချိန်ကိုရောက်လာရတော့တာပေါ့။ သူဌေးကြီးဟာ သူ့ကတိအတိုင်း လယ်သူရင်းငှားအတွက် စားသောက်ဖွယ်ရာအစုံစုံကို မဏ္ဍပ်ကြီးနဲ့ ခင်းကျင်းပြင်ဆင်ပေးထားတာပေါ့ကွယ်။

"ဒီထမင်းစားပွဲက လယ်သူရင်းငှားအတွက် သူဌေးကြီးလုပ်ပေးတဲ့ပွဲဆိုပဲ"

"ဒီလို တန်းဖိုးအမြင့်မားဆုံးထမင်းပွဲကို မမြင်ဖူးပါဘူးတော်"

"ဒီလောက်ကြီးကျယ်တဲ့ ထမင်းစားသဘင်ကို မကြုံဖူးလို့ကြည့်ထားရဦးမယ်"

တစ်ယောက်ပြီးတစ်ယောက် တစ်သံပြီးတစ်သံနဲ့ ပြည်သူပြည်သားတွေရဲ့ စကားသံတွေဟာ တစ်ယောက်စကားတစ်ယာက်နားနဲ့ ပျံ့နှံ့သွားလို့ ခါတိုင်းပြုလုပ်တဲ့ပွဲထက် ပိုမိုစည်ကားနေလေရဲ့။

အချိန်ကျရောက်လာလို့ လယ်သူရင်းငှားဆင်းရဲသားက စားပွဲသဘင်မှာ တစ်ယောက်တည်း စားသောက်ဖို့ နေရာယူလိုက်တယ်။

"အလို၊ ရှင်ပစ္စေကဗုဒ္ဓါကြွရောက်လို့ ဆွမ်းရပ်နေပါပေါ့လား"

သုမနလို့အမည်ရှိတဲ့ ရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းရပ်တော်မူတာကို ဆင်းရဲသား လယ်သူရင်းငှားက တွေ့မြင်တဲ့အခါ သူပင်ပင်ပန်းပန်းဒုက္ခဆင်းရဲစွာနဲ့ ရင်းနှီးပြီးတော့မှ ရရှိထားတဲ့ စားသောက်ဖွယ်ရာ အဖြာဖြာထဲကမှ ခြိုးခြံပြီး ရှင်ပစ္စေကဗုဒ္ဓါကို လောင်းလှူလိုက်သတဲ့။

"သာဓု သာဓု သာဓု"

ရှင်ပစ္စေကဗုဒ္ဓါအား လောင်းလှူလိုက်တာကို သူဌေးကြီးကမြင်တွေ့လိုက်လို့ သာဓုသုံးကြိမ် ခေါ်ဆိုလိုက်တာပေါ့ကွယ်။ အဲဒီနောက်မှာ မွန်မြတ်တဲ့အလှူကုသိုလ်ကို ချီးကျူးပြီး သူဌေးကြီးဟာ သူပိုင်ဆိုင်တဲ့ စည်းစိမ်တွေထဲက တစ်ဝက်ကို ဆင်းရဲသားအား ပေးလိုက်လေတယ်။ ဒီအကြောင်းကို ကြားသိလိုက်ရတဲ့ ဗြဟ္မဒတ်မင်းကြီးက ကုသိုလ်အစုစုအတွက် ဝမ်းသာရွှင်ပျဖြစ်ပြီး အမျှခံယူကာ မြို့ရွာကျေးကျွန်တွေကို ထပ်မံပေးသနားချီးမြှင့်တော်မူသတဲ့ကွယ်။

တပေါ်စ။

"အကုသိုလ်စိတ် မဖြစ်အောင် ခြိုးခြံစွာကျင့်ခြင်း၊ ခြိုးခြံစွာ ကျင့်ကြံသုံးစွဲရခြင်း၊ ခြိုးခြံစွာသုံးစွဲရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်တဲ့ မှတ်သားစရာပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "ခြိုးခြံရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂၈-၁၁-၂၀၂၂ ရက်မှအဆက်

'မ' တို့အိမ်သို့ ပြန်ဝင်ရန်ကား မျှော်လင့်ချက်မရှိတော့ချေ။ နောက်တစ်ကြိမ် ပြန်ဝင်ရန်အတွက်လည်း တံခါးပွင့်တော့မည် မဟုတ်ချေ။

မော်ပိတ်လိုက်သော တံခါးသည် ကိုဘခက်နှင့် 'မ' တို့ ဘဝနှစ်ခုကြားတွင် မဟာရံတံတိုင်းကြီးသဖွယ် ဆီးတားပိတ်ပင်၍နေတော့မည်ကိုကား ကိုဘခက်ကိုယ်တိုင် မစဉ်းစားရဲအောင် ရှိတော့သတည်း။




[ ၁၇ ]

ကိုခင်မောင်ကြည်သည် ဝီစကီကို တစိမ့်စိမ့်သောက်ရင်း မွန့်မျက်နှာကိုသာ အကဲခတ်၍ ကြည့်နေမိသည်။ မွန်ကမူ သူ့လက်ချောင်းကလေးများဖြင့် စားပွဲကို စန္ဒရားနှိပ်သလို နှိပ်ရင်း စဉ်းစားနေသည်။ ဗစ်တာကပင် ကိုခင်မောင်ကြည်ဘက်မှ ဝင်၍ထောက်ခံလိုက်သည်။

"မိန်းမတွေဟာ အချစ်နဲ့ပတ်သက်လာရင် အကျိုးရယ် အကြောင်းရယ် စဉ်းစားကြတာမဟုတ်ဘူး။ အချစ်ရဲ့အလိုကို ဈေးအပေါဆုံးနဲ့ လိုက်လျောဖို့ပဲတတ်တယ်။ 'မ' ကိစ္စကိုလည်း အချိန်ဆွဲဖို့မကောင်းဘူး။ စန္ဒရားဆရာက တစ်နည်းနည်းနဲ့လာဆွဲရင် ပါသွားလိမ့်မယ်"

မွန်သည် ဗစ်တာ့ကို မျက်နှာထားဖြင့် လှမ်း၍ကြည့်လိုက်သည်။ ဗစ်တာသည် ပြောလက်စ စကားကို ဆက်၍မပြောတော့ဘဲ မွန့်အရိပ်အခြည်ကိုသာ ကြည့်နေသည်။

"စိတ်နောက်ကိုယ်ပါဆိုတာ လူတိုင်းဖြစ်တတ်ကြတာချည်းပဲ။ မိန်းမရယ် ယောကျ်ားရယ် မဟုတ်ပါဘူး။ ဗစ်တာပြောသလိုဆိုရင် ကိုခင်မောင်ကြည်ကရော ဘာလို့ 'မ' ကို တမ်းတမ်းစွဲဖြစ်နေလဲ။ အချစ်နဲ့ပတ်သက်လာရင် ဘယ်သူမှ မခံနိုင်ဘူး။ ဘာမှ ကြီးကြီးကျယ်ကျယ်ပြောမနေနဲ့။ တကယ်တမ်းကျရင် မိန်းမတွေကတောင် ယောကျ်ားတွေထက် ခံနိုင်ရည်ရှိတယ်"

ပက်ဂီကြိုင်က မွန့်စကားကို ထောက်ခံလိုက်သည်။

"ဟုတ်တယ် တကယ်တမ်းကျတော့ ကိုယ်တို့မိန်းကလေးတွေကမှ ခံနိုင်ရည်ရှိတာ။ ယူတို့ယောကျ်ားတွေက အလကားပဲ။ သိပ်ညံ့တယ်။ သူတို့နဲ့များ နှစ်ခါလောက် တွဲကလိုက်ပြီဆိုရင် ခတ်ပြားဟောင်းကြီး ဖွင့်တော့တာပဲ။ ယောကျ်ားတိုင်း ဒီလိုချည်းပဲ သိပ်မုန်းစရာကောင်းတာပဲ..."

ပက်ဂီကြိုင်က မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ပြောလိုက်သည်ကိုပင် အားလုံးက ပွဲကျသွားပြန်သည်။ ဗစ်တာသည် အသံဝါကြီးဖြင့် ရယ်လိုက်သည်။

"ကိုယ်တို့တော့ မပါပါဘူးဗျာ၊ မိန်းမဆိုရင် ကိုယ့်မိန်းမကလွဲလို့ အားလုံးရှိတယ်တောင် မအောက်မေ့ပါဘူး"

"အပိုတွေပြောမနေစမ်းပါနဲ့ ဗစ်တာ။ မွန် မယုံပါဘူး။ ဗစ်တာလည်း အတူတူပဲ။ နိုင်ငံခြားက ပြန်ရောက်စကများ သူ့အမေရိကန်သူအကြောင်း ပြောလိုက်ရတာ နားတောင်ငြီးယူတယ်။ ယောကျ်ားတွေဟာဟန်ဆောင်တော့ကောင်းတယ်။ တကယ်တမ်းကျတော့ သူတို့ပိုကဲတယ်"

မွန်က ရိုးရိုးပင်ပြောလိုက်သော်လည်း ပက်ဂီကြိုင်က အဓိပ္ပာယ်တစ်မျိုးကောက်၍ တခစ်ခစ် ရယ်လိုက်ပြန်သည်။

"ဒါတော့ မွန်က ပိုသိမှာပေါ့ကွ။ ယောကျ်ားတွေ ဘယ်လောက်ကဲတယ်ဆိုတာ ဗစ်တာ့ကို မေးမကြည့်ဘူးလား"

"အို ... ပက်ဂီကလည်း အတည်ပြောနေတုန်း မနောက်စမ်းပါနဲ့"

ကိုခင်မောင်ကြည်သည် မွန်တို့ပြောနေသောစကားကို လုံးဝ စိတ်ဝင်စားဟန်မရှိ။ အရက်ကို သောက်လိုက်၊ စီးကရက်ကိုဖွာလိုက်ဖြင့် အလုပ်များနေတော့သည်။

"ကဲပါ မွန်၊ တခြားစကားတွေနေစမ်းပါဦး။ ကိုယ်တို့ကိစ္စကို ဘယ်လိုစီစဉ်မလဲ။ အနည်းဆုံး အင်ဂေ့တော့လုပ်ထားချင်တယ်"

"မွန်နားလည်ပါတယ် ကိုခင်မောင်ကြည်ရာ။ 'မ' ကို ဒီလိုဇွတ်လုပ်လို့မရဘူး။ ဒက်ဒီတို့ မာမီတို့နဲ့ လှည့်ပြီး တဖြည်းဖြည်းဆွဲယူရမှာ။ ခုထိတော့ ဘာမှအပြောမခံဘူး။ မွန်ကတိပေးပြီးရင် စိတ်ချလက်ချနေစမ်းပါ။ အလုပ်တစ်ခုကို ပြောပြီးရင် မဖြစ်ဖြစ်အောင်လုပ်မှာပဲ။ ကိုခင်မောင်ကြည်စိုးရိမ်တာထက် မွန်တို့က ပိုပြီးစိုးရိမ်သေးတယ်"

မွန်က စကားကုန်ပြောလိုက်သော်လည်း ကိုခင်မောင်ကြည်သည် ဘာမျှဆက်မပြောနိုင်တော့ချေ။

မွန့်စကားကြောင့်လည်း ကိုခင်မောင်ကြည်မှာ စိတ်အေးသလိုရှိတော့သည်။

ထိုအတွင်းမှာပင် တီးဝိုင်းမှ ဂီတသံ ထွက်ပေါ်လာသည်။ ဗစ်တာက ဦးစွာထလိုက်ရင်း ပက်ဂီကြိုင်ကို ကရန်ဖိတ်ခေါ်လိုက်သည်။

ပက်ဂီကြိုင်သည် ဗစ်တာ၏ ဖိတ်ခေါ်ချက်ကို ပေ့ါပေ့ါပါးပါးပင် လက်ခံခဲ့သည်။ ဗစ်တာတို့က တစ်တွဲထွက်သွားသောအခါ ကိုခင်မောင်ကြည်နှင့် မွန်က တစ်တွဲကျန်ရစ်ခဲ့သည်။

ကိုခင်မောင်ကြည်သည် မွန့်အရိပ်အခြည်ကို အကဲခတ်လိုက်ရင်း နေရာမှထရန် ဟန်တပြင်ပြင် ရှိတော့သည်။ အမှန်၌ အကဝိုင်းတွင် မိန်းကလေးတစ်ယောက်ကို ယောကျ်ားက ကရန်စတင်ဖိတ်ခေါ်ခြင်းသည် ယဉ်ကျေးမှုတစ်ခုဖြစ်သည်။

ဤသည်ကိုလည်း ကိုခင်မောင်ကြည်လို ပုဂ္ဂိုလ်တစ်ယောက်က နားလည်ထားပြီးဖြစ်သည်။ သို့သော် မွန့်ကိုမူ ကိုခင်မောင်ကြည်သည် အလိုလို လန့်နေသည်။ ထို့ကြောင့်လည်း ကိုခင်မောင်ကြည်သည် မွန့်အရိပ်အခြည်ကို အကဲခတ်နေရသေးသည်။

မွန်က ကိုခင်မောင်ကြည်ကို ကမလား ဟူသော မေးလိုက်သည့်အမေးမျိုးဖြင့် ကြည့်လိုက်သောအခါ ကိုခင်မောင်ကြည်က အကင်းပါးစွာ နေရာမှထလိုက်သည်။

"က မလား မွန်၊ ဒီသီချင်းကလေး ငြိမ့်သားပဲ"

မွန်က နေရာမှထလိုက်သောအခါ ကိုခင်မောင်ကြည်က မွန့်ကုလားထိုင်ကို အသာဆွဲ၍ပေးလိုက်သည်။ ကိုခင်မောင်ကြည်သည် မွန်၏ခါးကလေးကို ခပ်ရွရွ ဖက်လိုက်ပြီးလျှင် လှည့်ပတ်ကလိုက်သည်။ သို့ကနေရင်းမှ သူ့ကိစ္စကို ထပ်တလဲလဲ ပြောနေမိပြန်သည်။

"အိမ်ကို ပြောပြီးပြီမွန်၊ မွန်တို့ဘက်က အဆင်ပြေတဲ့နေ့ ကိုယ်တို့လာပြီး လူကြီးချင်း စကားပြောဖို့ပဲရှိတယ်"

မွန်က ကိုခင်မောင်ကြည်ပြောသမျှကို နားထောင်နေသည်။ ဘာမျှပြန်၍ကား မပြော။ ပြောရန်လည်း စိတ်ဝင်စားဟန် မရှိချေ။ မွန့်မျက်လုံးများသည် ဗစ်တာတို့ အတွဲဆီသို့ ရောက်၍နေတတ်သည်။

ဗစ်တာသည် ပက်ဂီကြိုင်နှင့် ကိုယ်ချင်းကပ်ကာ တွဲ၍ကနေသည်။ သို့ကနေရင်းမှလည်း တစ်ယောက်ပါးနားသို့ တစ်ယောက်ကပ်ကာ တတွတ်တွတ်ပြောနေသည်ကိုလည်း မြင်နေရသည်။

တစ်ချက်တစ်ချက် ပက်ဂီကြိုင်သည် ခေါင်းကလေးကိုမော့၍ ပြုံးနေတတ်သည်။

ထိုအခါတွင် ပက်ဂီကြိုင်၏မျက်နှာနှင့် ဗစ်တာ၏မျက်နှာသည် ထိတွေ့နေသလိုပင် ထင်ရသည်။ တစ်ယောက်က အပေါ်မှာမိုး၍ကြည့်နေပုံနှင့် တစ်ယောက်က အောက်မှမော့ကြည့်နေပုံမှာ အသည်းယားစရာပင် ကောင်းလှသည်။

ကကွက်အတိုင်း ခြေထောက်က တစ်လှမ်းချင်း တစ်လှမ်းချင်း ရွေ့လျားသော်လည်း သူတို့မျက်နှာနှစ်ခုကား အနေအထားမပျက်။ တစ်ခါတစ်ရံ တစ်ပတ်နှစ်ပတ်လှည့်၍ ကလိုက်ပြီးမှ ပက်ဂီကြိုင်သည် မောသွားဟန်ဖြင့် ဗစ်တာ၏ကိုယ်ပေါ်သို့ သူ၏မျက်နှာကလေးကို မှေးတင်ထားလိုက်ပြန်သည်။

မွန်သည် ကြည့်နေရင်း ခံပြင်းလာသလိုတော့ ရှိသည်။ သည်အခါတွင် ကနေသည်ကိုပင် သတိမရ။ ကိုခင်မောင်ကြည် ရွေ့ဆောင်ခေါ်ရာသို့သာ အလိုက်သင့် ပါသွားမိသည်။

သည်တော့မှလည်း ကိုယ့်အဖြစ်ကို ကိုယ် သတိထားမိတော့သည်။ ကိုခင်မောင်ကြည်သည် မွန်၏ သေးသွယ်သော ခါးကလေးကို တင်းတင်းကျပ်ကျပ် ဖက်ထားသည်။ ပြီးတော့လည်း ကိုခင်မောင်ကြည်၏ ပါးတစ်ခြမ်းသည် မွန်၏ နဖူးပြင်တွင် ကပ်၍ထားပြီးဖြစ်နေသည်။

သည်တော့မှလည်း မွန်သည် နောက်သို့ဆုတ်၍ ခပ်ခွာခွာ ကလိုက်သည်။

တီးလုံးဆုံးသွားသောအခါ လက်ခုပ်သံများ ပေါ်၍လာသည်။ အားလုံး ကိုယ့်နေရာသို့ ပြန်ထိုင်ကြသည်။

လေးယောက်သား မျက်နှာချင်းဆိုင်မိသောအခါ ဗစ်တာနှင့် ပက်ဂီကြိုင်သည် တစ်ယောက်ကိုတစ်ယောက် ချီးမွမ်း၍ မဆုံးနိုင်အောင်ရှိတော့၏။

"ပက်ဂီက နာမည်ကြီးသလောက် အကလည်း သိပ်တော်တာပဲ"

"သိပ်မမြှောက်ပါနဲ့ ဗစ်တာ။ မိုးနဲ့ နဖူးနဲ့ သွားပြီးဆောင့်မိပါဦးမယ်။ ဗစ်တာခေါ်တဲ့အတိုင်း ပက်ဂီက လိုက်ကရတာပါ"

"မဟုတ်ဘူး...မဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက် တွဲနေရတာမဟုတ်ဘဲနဲ့ ကရတာ ဟပ်မိဖို့မလွယ်ဘူး။ တော်တဲ့လူတွေမှ လိုက်နိုင်တာ။ ပက်ဂီက သိပ်အကင်းပါးတယ်။ ကိုယ်နဲ့တွဲတဲ့လူကို ဘယ်ကိုသွားချင်တယ်ဆိုတာ ချက်ချင်းသိတာပဲ။ ဒါကိုက တော်တော်တန်တန် အရည်အချင်းနဲ့ မရနိုင်ဘူး"

မွန်သည် စိတ်ကို အတတ်နိုင်ဆုံးထိန်း၍ ထားရသည်။ အမှန်တော့ ဗစ်တာနှင့် ပက်ဂီကြိုင် ပြောနေသောစကားများသည် မွန့်နားထဲတွင် လက်ခံ၍မရအောင်ရှိတော့သည်။

မွန့်မျက်စိထဲတွင် ဗစ်တာသည် ခုလိုတစ်ခါမှ ကလက်ဖူးသည်ကို မတွေ့ခဲ့ဖူးချေ။

ယခုမူ ဗစ်တာ၏အပြုအမူသည် ဣန္ဒြေမရအောင်ပင် ကလက်နေသည်ဟု ထင်ရသည်။

ပက်ဂီက စီးကရက်ထုတ်လိုက်လျှင် မီးညှိပေးခြင်း၊ စားစရာများကို ခက်ရင်းဖြင့် ထိုး၍ ပက်ဂီအား ပေးခြင်း စသည့် အပြုအမူများမှာ ကြည့်မရအောင် ရှိတော့သည်။

အမှန်၌ မွန်သည် ပြင်ပကပွဲများသို့ သွားလေ့မရှိ၊ ဗစ်တာကိုယ်တိုင်ကလည်း အပြင်ကပွဲများသို့ တက်လေ့တက်ထမရှိ။ နှစ်သစ်ကူး ခရစ္စမတ်၊ လွတ်လပ်ရေး စသည့်ပွဲများသာ မိတ်ဆွေများကဖိတ်၍ တစ်ခါတစ်ရံ တက်လေ့ရှိသည်။

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"မိန်းမတွေဟာ အချစ်နဲ့ပတ်သက်လာရင် အကျိုးရယ် အကြောင်းရယ်**
**စဉ်းစားကြတာမဟုတ်ဘူး။ အချစ်ရဲ့အလိုကို ဈေးအပေါဆုံးနဲ့ လိုက်လျောဖို့ပဲတတ်တယ်။**
**'မ' ကိစ္စကိုလည်း အချိန်ဆွဲဖို့မကောင်းဘူး။ စန္ဒရားဆရာက**
**တစ်နည်းနည်းနဲ့လာဆွဲရင် ပါသွားလိမ့်မယ်"**
**မွန်သည် ဗစ်တာ့ကို မျက်နှာထားဖြင့် လှမ်း၍ကြည့်လိုက်သည်။**
**ဗစ်တာသည် ပြောလက်စ စကားကို ဆက်၍မပြောတော့ဘဲ မွန့်အရိပ်အခြည်ကိုသာ ကြည့်နေသည်။**
**"စိတ်နောက်ကိုယ်ပါဆိုတာ လူတိုင်းဖြစ်တတ်ကြတာချည်းပဲ။**
**မိန်းမရယ် ယောကျ်ားရယ် မဟုတ်ပါဘူး။**
**ဗစ်တာပြောသလိုဆိုရင် ကိုခင်မောင်ကြည်ကရော ဘာလို့ 'မ' ကို တမ်းတမ်းစွဲဖြစ်နေလဲ။**
**အချစ်နဲ့ပတ်သက်လာရင် . . ."**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
### (ရက် စွဲ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ လ ၃၀ ရက်)

၁။ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ကျင်းပမည့် (၄၅)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ည"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၀) လုံးတွင် ထီစာအုပ် (၃၉၁၁၀၀) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၃၉၁၁.၀၀၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၂၇၃၇.၇၀၀) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၁၃၉၉.၉၀၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၂) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၆) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၈) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၀) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၁) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၂၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၃၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၁၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၃၉၉.၉၀၀)မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၇) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၄၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၁၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၁၀၀၀) | ဆု |

၄။ ဖော်ပြပါခွဲဝေထားသော ဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန် ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲတန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသော ဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေ စုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၄၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၁၂-၂၀၂၂) ရက်နေ့(ကြာသပတေး)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ငထွေရှူးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၁၂၄/၁)၊ အကျယ် (၂၅ × ၅၀) စတုရန်းပေရှိ ဒေါ်တင်တင်ခိုင် (ခ) လှဲ့လှဲ့မော် အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက် နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်စပ်ဖြင့်ဝယ်ယူ၍ တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးရင်ထွေး + ၁ (၁၂/ကတတ (ပြု) ၀၀၀၈၂၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဘိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းဇော်ဦး၏ လွှဲအပ်ချက်အရ

**"တရားလွှတ်တော်ရှေ့နေများ"**

ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅) ဦးကျော်စွာမြင့် (စဉ်-၁၃၂၈၂)
*LL.B, WIPO (Switzerland)* *(LL.B, D.B.L, D.I.L)*

**Good Friend Consultant Law Firm**

အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ Ph : 01-385205, 09-420088970
goodfriend.consultantlawfirm@gmail.com

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈ သံဒင်း၊ မြေကွက်အမှတ်-၂၁၆၊ (၄၀x၆၀)ပေ၊ မြေကွက်တည်နေရာအမှတ်-၂၁၆၊ စွယ်တော်(၄)လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးဌေးလှိုင်[၁၂/လမန(နိုင်) ၀၀၂၈၄၇] အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်လင်း[၁၂/လမန(နိုင်)၁၂၂၃၃၇]မှ ပါမစ်မူရင်းတွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတို့ တင်ပြနိုင်မှုမရှိဘဲ မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့သာတင်ပြ၍ ပါမစ်(မစုံ)ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




ကလေးနာမည်ပေး ဆရာကြီး ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)ဒုထပ်၊စဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံအရှေ့(၈)လမ်း၊ မြေကွက်အမှတ် ၁၃၂၃(ခ)၊ အကျယ်အဝန်း(၂၀ x ၆၀)ပေ၊ ဧရိယာ(စတုရန်းပေ၁၂၀၀)ရှိ ဦးစံရွှေနှင့် ဒေါ်လှမြင့်ဂရန် အမည်ပေါက် မြေကွက်နှင့် ၎င်းပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အအုံတို့၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေနှင့်နေအိမ်အရောင်းအဝယ်ဆက်စပ်စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်း[၁၂/သကတ(နိုင်) ၀၀၄၂၀၇]ထံမှ ကျွန်မ ဒေါ်ဝင့်ဝါခိုင်[၉/အမဇ(နိုင်) ၀၀၁၀၁၁]ကဝယ်ယူပြီး အရောင်းအဝယ်စရန်ပေးကတိစာချုပ်ကို(၂၂-၁၁-၂၀၂၂)ရက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ပြီး စရန်ငွေတချို့တစ်ဝက်ကိုပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ပိုင်ဆိုင်မှုအငြင်းပွားခြင်းပြဿနာတစ်စုံတစ်ရာ၊ အရှုပ်အရှင်းတစ်စုံတစ်ရာရှိပါက သက်ဆိုင်သူများသည် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်မဒေါ်ဝင့်ဝါခိုင်ထံသို့ လူကိုယ်တိုင်တိုက်ရိုက်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် စာချုပ်ပါနေ့ရက်အတိုင်း ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်ဝါခိုင်**
**ဖုန်း-၀၉-၅၀၅၆၃၅၃**
**အမှတ်(၁၂၁၁)၊ မြေညီထပ်၊ ထူပါရုံအရှေ့(၃)လမ်း၊ သာကေတမြို့နယ်။**

## ပျောက်ဆုံးကြောင်း

ဦးမြင့်ဇော်ကို(ဘ)ဦးမြင့်ဆွေကိုင် ဆောင်သော သင်္ဘောသား လုပ်သက်မှတ်တမ်း စာအုပ် (ရန်-၂၀၈၀/၀၆)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**Ph:09-799373748**

## ပျောက်ဆုံးကြောင်း

ဦးတက်ထွန်းဦး(ဘ) ဦးတင်ရွှေကိုင်ဆောင်သော ဒုတိယတန်းရေယာဉ်အုပ်လက်မှတ် (ဆဒ-၂၅၉/၁၁)မှာ ခရီးသွားရင်း ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၈၀၅၀၁၉၃၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၇ C1၊ မြေကွက်အမှတ်-၂၅၊ မြေကွက်တည်နေရာအမှတ် (၁၆၆)၊ ဗားကရာလမ်း၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ (ဒေါ်ညွှန့်ညွှန့်သန်း)၊ မောင်သိန်းမြင့်သန်း၊ မောင်ဗိုလ်မြင့်သန်း၊ မောင်သင်မြင့်သန်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ (မိခင်) ဒေါ်ညွှန့်ညွှန့်သန်းသည် (၂၈-၇-၂၀၂၁)ရက်တွင် လည်းကောင်း၊ (ဖခင်) ဦးမြင့်လွင်သည် (၁၈-၄-၂၀၁၃)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ဦးသိန်းမြင့်သန်း [၁၂/စခန(နိုင်) ၀၀၆၁၇၈]၊ ဦးဗိုလ်မြင့်သန်း [၁၂/စခန(နိုင်) ၀၃၁၀၆၆]၊ ဦးသင်မြင့်သန်း [၁၂/စခန(နိုင်) ၀၀၆၇၇၃] တို့က သားများတော်စပ်ကြောင်း ညီအစ်ကို(၃)ဦးမှလွဲ၍ အခြားအမွေစားအမွေခံကိတ္တိမသား/သမီးမရှိကြောင်း ဒဂုံမြို့နယ်တရားရုံးတွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာအမှတ်- ၆/၅၆၃/၆-၆-၂၀၂၂၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ အိမ်ထောင်စုစာရင်း၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၉၂၄)၊ မြေကွက်တည်နေရာ(၉၂၄/က)၊ ပင်းယလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ အမည်ပေါက် ဒေါ်အေး (မိခင်)နှင့် ဦးစိန်(ခ) ဦးမောင်စိန် (စီအေ-၀၀၄ ၀၄၄)၊ နှစ်(၆၀)ဂရန် မြေငှားဂရန်အား အမည်ပေါက် ဒေါ်အေး(မိခင်)နှင့် ဦးစိန်(ခ) ဦးမောင်စိန်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးဝီလျှံ(ခ) ဦးသန်းလွင် [၁၂/ဥကတ(နိုင်) ၁၃၅၇၅၀]၏ GP ဦးဖုန်းမြင့်အောင် [၁၂/သဃက(နိုင်)၀၁၃၆၅၁] မှ တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ (၂၂၆၂/၂၀၂၁) ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ကိုယ်စားလှယ်လွှဲစာအမှတ်(၉၉၄၁/၂၆-၁၁-၂၀၂၁) ပါဝါကျမ်းကျိန်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တိုက်(၂၁)B၊ ပြည်သာယာလမ်း၊ သဃ်္ဃန်းကျွန်း(ဈ) မြောက်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်အမှတ်(B2)၊ အခန်း(၂၀၂)နေ ဒေါ်သန္တာထွန်းအောင်[၁၄/ဘကလ(နိုင်)၁၈၄၅၄၆]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေမှ ပိုင်ရှင်ဖြစ်သူ ဦးအောင်မျိုးဝင်း [၁၂/လမတ(နိုင်)၀၃၅၈၁၉]၊ ဒေါ်ရွှေစင်အိ [၁၂/စခန(ပြု) ၀၀၀၀၅၅]တို့ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း (၅-၁၂-၂၀၂၂)နောက်ဆုံးထား၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း အဝယ်အား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သန္တာထွန်းအောင်**
**[၁၄/ဘကလ(နိုင်)၁၈၄၅၄၆]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ကျော်**
**အထက်တန်းရှေ့နေ(စဉ်-၅၀၁၁၉)**
**ဖုန်း-၀၉-၄၅၀၀၀၉၅၂၇,**
**၀၉-၃၀၁၉၁၉၁၉**

## အမည်မှန်ဖြစ်ပါကြောင်း

ကျွန်မ **မနှင်းမော်လှိုင် (ဘ) ဦးဌေးအောင်[၈/မမန(နိုင်)၂၄၀၁၈၁]** ကိုင်ဆောင်သူ၏ အမည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အိမ်ထောင်စုလူဦးရေစာရင်းတွင် **မနှင်းမော်ဌေး** ဖြစ်နေပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် **မနှင်းမော်လှိုင်** ဖြစ်ပါသည်။

အဆိုပါ အမည်နှစ်ခုကွဲလွဲချက်တွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားတွင်ပါရှိသည့်အမည် **မနှင်းမော်လှိုင်**မှာ ကျွန်မ၏ အမည်မှန်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၆၊မြေကွက်အမှတ်-၄၄၈/က၊မြေကွက်တည်နေရာအမှတ်(၄၅၅)၊အင်း၀(၆)လမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဦးတင်အောင်(၁၂/ဥကတ(နိုင်)၀၅၂၇၇၃)၊ဒေါ်ခင်စန်း(၁၂/ဥကတ(နိုင်)၀၅၂၇၈၁)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးတင်အောင်၊ဒေါ်ခင်စန်းတို့နှစ်ဦးဖြစ်ပြီးဒေါ်ခင်စန်း(ဇနီး)ကွယ်လွန်သဖြင့်ဦးတင်အောင်မှတစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာ(၈/၈၁၂/၂၀၂၂(၈-၈-၂၀၂၂)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်နိုင်/ကတ်၊သေစာရင်း၊အိမ်ထောင်စုစာရင်းများ၊ဝန်ဆောင်ခတို့တင်ပြ၍၎င်းထံမှGPရသူဒေါ်တင်တင်ဦး(၁၂/ဥကတ(နိုင်)၀၅၂၉၅၄)မှပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅၁

| | | |
|---|---|---|
| ဦးပိုင်ထူးကျော်(ခ)ပိုင်ပြည့်ဖြိုး<br>တရားလိုများ | နှင့် | ဒေါ်ခင်သဉ္ဇာသိန်း<br>တရားပြိုင်များ |

**ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆) ရပ်ကွက် ၊၄၄ လမ်း၊ အမှတ် – ၂၆ မြေညီ(ယာဘက်ခြမ်း) နေ ဒေါ်ခင်သဉ္ဇာသိန်း (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

**သင့်အပေါ်၌ တရားလိုက မိသားစုပိုင်တိုက်ခန်း၏ တစ်ဝက်တိတိအား ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှု** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်၊ (၁၃၈၄ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်)နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သောစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥက္ကာမောင်)**
**ဒုတိယခရိုင်တရားသူကြီး( ၃ )**
**ကျောက်တံတားခရိုင်တရားရုံး**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

အဖ ဦးတင်အောင်၏ သမီးဖြစ်သူ မှတ်ပုံတင်အမှတ်[၁၂/သဃက(နိုင်)၀၂၅၈၉၈] အားကိုင်ဆောင်ထားသည့် ဒေါ်နွဲ့နွဲ့စန်းနှင့် ဒေါ်နွဲ့နွဲ့စမ်းသည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

